# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၅၂)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်၊ ၁၃-၈-၂၀၂၄၊ အင်္ဂါနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနေအထားဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှာစကားပြောကြား

# လူငယ်များကို စနစ်တကျ မှန်မှန်ကန်ကန် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကို မြင့်မားတိုးတက်အောင် တည်ဆောက်သွားနိုင်မည်

နေပြည်တော် ဩဂုတ် ၁၂

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်များ၊ မသန်စွမ်းလူငယ်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ ရေကြောင်းနှင့် လေကြောင်းလူငယ်များ၊ ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်ဖွံ့ဖြိုးရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်နှစ်တိုင်း ဩဂုတ် ၁၂ ရက်တွင် ကျင်းပပြုလုပ်လျက်ရှိသကဲ့သို့ မိမိတို့ မြန်မာနိုင်ငံတွင်လည်း ရပ်ရွာအကျိုးပြုလုပ်ငန်းများ

စာမျက်နှာ ၃ သို့ ❑




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၈) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မသဲ့ဝါအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

**၂၀၂၄ ခုနှစ် ၊ ဩဂုတ် ၁၃ ရက်၊ အင်္ဂါနေ့။**

မန္တလေး

## ကောင်းမှုကိုဖြစ်စေမည့် ကိုယ်ချင်းစာစိတ်

လူသားတိုင်းသည် "အတ္တဟိ အတ္တနော နာထော" ဟူသည့် ဗုဒ္ဓဘုရား၏ စကားအတိုင်း မိမိကိုယ်သာ ကိုးကွယ်အားထားပြီး ကြိုးစားဆောင်ရွက်လျက်ရှိသော သံသရာခရီး ဘဝလမ်းကြောင်းကို လျှောက်ကြရမည်မှာ အမှန်ပင်ဖြစ်သည်။ ကိုယ်ကြိုးစားမှ ကိုယ်ကကောင်းကျိုးဟူသမျှကို ခံစားရမည်ဖြစ်သည်။ သို့သော်လည်း လူသားတိုင်း တစ်ဦးတစ်ယောက်တည်းနေထိုင်ရပ်တည်၍မရပါ။ "ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ" သဘောမျိုးဖြင့် အပြန်အလှန် ဆက်ဆံနေကြရပါသည်။ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီရမည်ဖြစ်သည်။ သူ့အခက်အခဲကို ကိုယ့်အခက်အခဲကဲ့သို့ သဘောထားကြည့်လျှင် ငါသာဆိုရင် ဟူသော အတွေးဝင်လာပေလိမ့်မည်ဖြစ်သည်။ ထိုအခါကြမှ ထိုသူကို ကိုယ်ချင်းစာတတ်လာမည်ဖြစ်သည်။ ကိုယ်ချင်းစာစိတ်၏ နှိုးဆော်မှုသည် ရိုင်းပင်းကူညီမှုကို တွန်းအားပေးလျက်ရှိသည်။ အပြန်အလှန်ရိုင်းပင်းကူညီတတ်သော ကောင်းမြတ်သည့် ဓလေ့စရိုက်ဖြစ်လာပေလိမ့်မည်။ ဤအကျိုးတရား၏ အခြေခံအကြောင်းအရင်းမှာ ကိုယ်ချင်းစာစိတ်ဟု ပြောလိုပါသည်။

လူသားတိုင်းအတွက် ကိုယ်ချင်းစာစိတ်သည် သူတစ်ပါးအကျိုးကိုဆောင်နိုင်မည်ဖြစ်သည်။ ကိုယ်ကျိုးကိုလည်း အောင်နိုင်စေမည်ဖြစ်သည်။ ကောင်းမှုကုသိုလ်ကိုလည်း ဖြစ်စေနိုင်ပါသည်။ သို့သော် ကိုယ်ချင်းစာစိတ်ထားတတ်ရန် အပြောလွယ်သလောက် လိုက်နာကျင့်သုံးရန် ခက်ခဲတတ်သည်။

လူသားတိုင်းတွင် အချို့သောလူများသည် မိမိကိုယ်ပိုင်ပစ္စည်းမဟုတ်သည့် ပြည်သူပိုင်ပစ္စည်းများကို အကြောင်းမဲ့ ပတ်ခတ်ရိုက်ချိုးဖျက်ဆီးတတ်ကြသည်။ သူတစ်ပါးပစ္စည်းကို ထိခိုက်ပျက်စီးအောင် ပြုလုပ်တတ်ကြသည်။ ထိုသူများသည် သူတို့ပိုင်ဆိုင်သောပစ္စည်းများသာဆိုလျှင် ထိုကဲ့သို့ ပြုလုပ်မည်မဟုတ်ပါ။ မိမိအတွက်လည်း အကျိုးမရှိ၊ သူတစ်ပါးအတွက်လည်း နစ်နာဆုံးရှုံးစေသော ထိုလုပ်ရပ်များကို လုပ်ဆောင်သူများသည် ကိုယ်ချင်းစာတရားမထားတတ်သူများဖြစ်သည်။

ကိုယ်ချင်းစာစိတ်ကို ပညာရပ်တစ်ခုအနေဖြင့် သင်ယူ၍ မရပါ။ ငယ်ရွယ်စဉ်ကပင် ပြုစုပျိုးထောင်ရယူရမည်ဖြစ်သည်။ "ကိုယ်ချင်းလည်းစာ သနားညှာတာတရားရှာမှ ကောင်းသတဲ့" ဟူသော ဆရာတော်ကြီးတစ်ပါး၏ ဩဝါဒကို ယနေ့အထိ ဆွဲထင်နေခဲ့သည်။ "ကြီးသူကိုရိုသေ ရွယ်တူကိုလေးစား ငယ်သူကိုသနား" ဟူသော စကားသည် ကိုယ်ချင်းစာစိတ်ရှိကြရန် ရည်ညွှန်းနေပါသည်။

သို့ဖြစ်ရာ လောက၌ ကိုယ်ချင်းစာစိတ်ရှိသူများသည် စိတ်ဓာတ်မြင့်မြတ်သူများဖြစ်သည်။ ကိုယ်ချင်းစာစိတ်ရှိသောကြောင့် ဖြစ်ပေါ်လာသော ကူညီစိတ်က ကောင်းမှုကို ဖြစ်စေသည်။ ထို့ကြောင့် ကိုယ်ချင်းစာစိတ်ရှိသူသည် လောကီအတွက်ရော လောကုတ္တရာအတွက်ပါ ကောင်းကျိုးများစွာ ခံစားကြရမည်ဖြစ်သောကြောင့် ကိုယ်ချင်းစာစိတ်များ လူသားတိုင်းအစဉ်ကိန်းဝပ်နေအောင် ကျင့်ကြံမွေးမြူသင့်ကြောင်း ရေးသားလိုက်ရပေသည်။

## သမိုင်းမတင်မီခေတ်က ရှေးဟောင်းဝတ္ထုပစ္စည်း ၂၈ ခု အပ်နှံခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်

**မန္တလေး ဩဂုတ် ၁၂**

သမိုင်းမတင်မီခေတ်၊ ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှု ထွန်းကားစဉ်က လူ့အဖွဲ့အစည်းတွင် အသုံးပြုခဲ့သော ရှေးဟောင်းဝတ္ထုပစ္စည်း ၂၈ ခုကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ၂၈ ခု အပ်နှံခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးရုံးခွဲ)တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ ဂုဏ်ပြုမှတ်တမ်းနှင့် ချီးမြှင့်ငွေပေးအပ်ပွဲသို့ မန္တလေးဌာနခွဲ တာဝန်ခံ၊ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ အောင်မြေသာစံခရိုင်၊ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရှေးဟောင်းဝတ္ထုပစ္စည်းအပ်နှံသူအပါအဝင် ၃၀ ဦးတို့ တက်ရောက်ကြသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ခေတ်အဆက်ဆက် ယဉ်ကျေးမှုအမွေအနှစ်တွေ ပေါများသလို မပျောက်မပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ဖို့လိုပါတယ်။ ရွှေထည်နဲ့ အခြားရှေးဟောင်းဝတ္ထုပစ္စည်းတွေကို နိုင်ငံပိုင်ပစ္စည်းအဖြစ် လာရောက်အပ်နှံမယ်ဆိုရင် ကာလတန်ဖိုးအပြင် ထပ်ဆောင်းတန်ဖိုးငွေ တွက်ချက်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ချီးမြှင့်ပါတယ်"ဟု မန္တလေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်ချမ်းမြင့်က ပြောသည်။

အပ်နှံသူမှာ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ကြာညှပ်ကျေးရွာအုပ်စု၊ မြင်သာရွာမှ ဦးဗိုလ်နိုင်ဝင်းဖြစ်ပြီး၊ တာဝန်သိစိတ်ဖြင့် အပ်နှံသည့် ရှေးဟောင်းဝတ္ထုပစ္စည်း ၂၈ ခုမှာ သမိုင်းမတင်မီ ခေတ်၊ ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှု ထွန်းကားစဉ်ကာလက လူ့အဖွဲ့အစည်းတွင် အသုံးပြုခဲ့သော ဖန်ကွင်း ၂ ခုနှင့် မြေအိုး ၂၆ ခု စုစုပေါင်း ၂၈ ခု ဖြစ်သည်။

ထိုသို့ အပ်နှံမှုအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်ချမ်းမြင့်က ရှေးဟောင်းဝတ္ထုပစ္စည်းအပ်နှံသူ ဦးဗိုလ်နိုင်ဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားကျပ် ၅၀၆၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-ဖြ)**



## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲ အခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၁၂**

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းရှိ ဧသီဒါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်မြေသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂)ဦးဇော်လင်းဦးက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်က သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများ အကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပြီး အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်ကတ်မရှိသူများအတွက် လုပ်ဆောင်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

**(အပေါ်ပုံ)**

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက တက်ရောက်လာသူများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

အဆိုပါ ဟောပြောပွဲ အခမ်းအနားသို့ အောင်မြေသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဦးဇော်လင်းဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်နှင့် ဝန်ထမ်းများ၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသက်တင်နှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း (၈၀)ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၀၃၇)**

၀-၀-၀-၀-၀

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ညောင်ဦးမြို့၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ စုပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ညောင်ဦး ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည့် ရွှေစည်းခုံစွယ်တော်မြတ်စေတီတော်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန်နှင့် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရန် ရည်ရွယ်၍ ယနေ့ နံနက် ၁၀ နာရီခွဲက ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်တို့၏ ဦးဆောင်မှုဖြင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ရွှေစည်းခုံစွယ်တော်မြတ်စေတီတော်ကြီး ပရိဝုဏ်အတွင်းရှိ ရှင်အရဟံသိမ်တော်ကြီးအား ဆေးသုတ်မွမ်းမံပြုပြင်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ပြည်သူ့အကျိုးပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❑ ရှေ့ဖုံးမှ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ လူငယ်များ ပိုမိုပူးပေါင်းပါဝင်လာစေရန်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို လူငယ်လူရွယ်များ ပိုမိုသိရှိပြီး ပါဝင်ဆင်နွှဲလာကြစေရန်နှင့် လူငယ်များ၏ လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် နှစ်စဉ်ကျင်းပပြုလုပ်ပေးလျက်ရှိကြောင်း။

**အဓိကအခန်းကဏ္ဍမှ ပါဝင်လာစေရန်လို**

ကုလသမဂ္ဂအဖွဲ့က ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ချမှတ်ပေးထားသည့် ဆောင်ပုဒ်မှာ **"စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး" (Youth Digital Pathways For Sustainable Development)**ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းနှင့်အတူ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီစေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် လူငယ်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာစေရန် လိုအပ်ကြောင်း တိုက်တွန်းအသိပေးလိုသည့် ရည်ရွယ်ချက်ဖြစ်ကြောင်း။

**နည်းပညာရှင်လူငယ်များမွေးထုတ်**

မိမိတို့နိုင်ငံတွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ ပိုမိုအားကောင်းစေရန်၊ အရည်အသွေးပြည့်မီပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းများ အားပေးမြှင့်တင်နိုင်ရန်အတွက် Polytechnic University (၈) ခုကို ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်သည့်အတွက် အရည်အသွေးပြည့်မီသည့် နည်းပညာရှင်လူငယ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ နည်းပညာကျွမ်းကျင်သည့် လူငယ်များ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

ယခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို *စာမျက်နှာ ၄ သို့*

◆ **မိမိတို့နိုင်ငံတွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ ပိုမိုအားကောင်းစေရန်၊ အရည်အသွေးပြည့်မီပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းများ အားပေးမြှင့်တင်နိုင်ရန်အတွက် POLYTECHNIC UNIVERSITY (၈) ခု ကို ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်သည့်အတွက် အရည်အသွေးပြည့်မီသည့် နည်းပညာရှင်လူငယ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်**

◆ **နည်းပညာကျွမ်းကျင်သည့် လူငယ်များ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်မည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် နိုင်ငံတကာဆေးဘက်ဆိုင်ရာ ဇီဝဓာတုဗေဒပညာရပ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မကြယ်စင်လင်းလက်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် CAHYA MATA Malaysian Open Championships 2024 (14th–16th) June 20000 m Walk ရွှေတံဆိပ်ဆုရရှိခဲ့သည့် မဇင်မေထက်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၁) ကြိမ်မြောက် University Gam တွင် လှံတံပစ်အားကစားနည်းဖြင့် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မောင်နန်းထက်မောင်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

ယခင်နှစ်များနှင့်မတူဘဲ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များကို ဖိတ်ကြားပြီး လူငယ်ဖိုရမ်၊ လူငယ်လေ့လာရေးအစီအစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းအစီအစဉ်များကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း။

၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော်သည် လူငယ်များဖြစ်ကြောင်း သိရှိရသည့်အတွက် မြန်မာနိုင်ငံသည် လူငယ်ထုအင်အား၊ တစ်နည်းအားဖြင့် လုပ်သားအင်အားများပြားသည့် အခြေအနေကောင်းကို ရရှိပိုင်ဆိုင်ထားကြောင်း၊ ယနေ့လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြမည့်သူများဖြစ်ပြီး အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ့အရင်းအမြစ်များ ဖြစ်ကြကြောင်း၊ တစ်နည်းအားဖြင့် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များပင် ဖြစ်ကြောင်း။

**❖ ၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော်သည် လူငယ်များဖြစ်ကြောင်း သိရှိရသည့်အတွက် မြန်မာနိုင်ငံသည် လူငယ်ထုအင်အား၊ တစ်နည်းအားဖြင့် လုပ်သားအင်အား များပြားသည့် အခြေအနေကောင်းကို ရရှိပိုင်ဆိုင်ထား**

**❖ ယနေ့လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြမည့်သူများဖြစ်ပြီး အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ့အရင်းအမြစ်များ ဖြစ်၊ တစ်နည်းအားဖြင့် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များပင်ဖြစ်**

### လေ့ကျင့်ပျိုးထောင်

လူငယ်များကို စနစ်တကျ မှန်မှန်ကန်ကန် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကို မြင့်မားတိုးတက်အောင် တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း၊ စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ် မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံကြသည့် လူငယ်များဖြင့်သာ နိုင်ငံကို ကောင်းအောင် တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်နှင့် ပြည့်စုံအောင် လေ့ကျင့်ပျိုးထောင်သွားကြရန် မှာကြားလိုကြောင်း။

### အထူးအလေးထားဆောင်ရွက်ပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်(၃)ရပ်အနက် တတိယအချက်ဖြစ်သည့် "နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဟု ချမှတ်ထားရှိကြောင်း၊ ထို့ကြောင့် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူငယ်များဘက်စုံထူးချွန်ပြီး အတတ်ပညာရှင်၊ အသိပညာရှင်များ ထွက်ပေါ်လာစေရေး၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မှန်ကန်သည့်လမ်းကြောင်းပေါ်ကို ရောက်ရှိစေပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် လူငယ်ရေးရာကော်မတီတို့ကို ဖွဲ့စည်းထားရှိပေးပြီးလည်းဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုထိရောက်ကျယ်ပြန့်စွာ မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

စည်းလုံးညီညွတ်ပြီး သဟဇာတဖြစ်သည့် အနာဂတ်လူ့ဘောင် အဖွဲ့အစည်းကို ထူးချွန်ထက်မြက်သည့်၊ ကျန်းမာကြံ့ခိုင်သည့်၊ တွေးခေါ်နိုင်စွမ်းရှိပြီး အကျင့်စာရိတ္တကောင်းမွန်သည့်၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် လူကောင်းလူတော်များဖြင့်သာ ဖန်တီးဖော်ဆောင်ပေးနိုင်မည်ဖြစ်သောကြောင့် နိုင်ငံ၏အနာဂတ်အတွက် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ကော်မတီများနှင့် တာဝန်ရှိသူအားလုံးက ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အားကောင်းစွာဖြင့် ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

### ဂါရဝပြုပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

### Video Clip အား ကြည့်ရှု

ယင်းနောက် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်မှတ်တမ်း Video Clip အား ကြည့်ရှုကြသည်။

ထို့နောက် လူငယ်ဂုဏ်ပြုတေးသီချင်းနှင့် တိုင်းရင်းသားယဉ်ကျေးမှု အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်ပြခန်းအား စိတ်ပါဝင်စားစွာ ကြည့်ရှုစဉ်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ် များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးကောင်းသောက်စပါးများ စတင်စိုက်ပျိုး

**ညောင်ဦး ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်တောင်သူများသည် မိုးရွာသွန်းမှုနှင့်အတူ မိုးကောင်းသောက်စပါးမျိုးများ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ကန်ပတ်လည်အုပ်စု လဲ့ဂွကျေးရွာ မိုးကောင်းသောက်စပါးစိုက်ပျိုးတောင်သူများထံက သိရသည်။

ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်တောင်သူများသည် မိုးကောင်းသောက်စပါးစိုက်ပျိုးခြင်းအား မိုးချိုသောက်စပါးဟုလည်း ခေါ်ဆိုကြောင်း မိုးရွာသွန်းချိန် စပါးစိုက်မည့် ယာမြေ၊ လယ်မြေထဲသို့ မိုးရွာသွန်းချိန်တွင် မိုးရေမြောင်းများပြုလုပ်ပြီး စပါးစိုက်ပျိုးမည့် လယ်အတွင်းသို့ မြောင်းသွယ်ကာ မိုးရေဝင်ရောက်စေကြောင်း၊ အညာဒေသတွင် မေလ နောက်ဆုံးပတ်မှ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတို့တွင် မိုးရွာသွန်းမှုများကာ မိုးကောင်းသောက်စပါးမျိုးများ စတင်ပျိုးထောင်ကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးကောင်းသောက်စပါးစိုက်ပျိုးမှုများပြားကာ ပျိုးထောင်ချိန်များတွင်လည်း အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများအား ပျိုးထောင်ကြကြောင်း၊ ရွှေမနော်၊ ရောပဒေသာ၊ ပုလဲသွယ်စပါးမျိုးအား ပျိုးထောင်စိုက်ပျိုးကြကြောင်း၊ စပါးပျိုးသက် ၂၁ ရက်မှ ၄၅ ရက်သားအတွင်း စပါးစိုက်မည့် လယ်ထဲသို့ ရွှေ့ပြောင်းစိုက်ပျိုးကြကြောင်းလည်း သိရသည်။

မိုးကောင်းသောက်စပါးသည် မိုးပုံမှန်ရွာသွန်းရုံဖြင့် အောင်မြင်ဖြစ်ထွန်းပြီး တစ်ဧကအထွက်နှုန်းကောင်းမွန်ကြောင်း တစ်ဧက ၉၅ တင်းမှ ၁၂၅ တင်းထိ ထွက်ရှိကြောင်း သိရပြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် အထက်ဘက်ကျေးရွာများဖြစ်သည့် ငွေးကုန်းရွာ၊ လက်ပံအိုင့်ရွာ၊ လဲ့ဂွရွာ၊ မုန့်ကုန်းရွာ၊ ဆပ်ပြာကျင်းရွာ၊ ညောင်ဖြူပင်ရွာ၊ ရွာသစ်၊ ကန်ပတ်လည်၊ ဆန်းလှ၊ ကန်ပတ်လည်ကျေးရွာများသည် မိုးကောင်းသောက်စပါးစိုက်ပျိုးကြသည့် ကျေးရွာများဖြစ်ကာ မိုးပုံမှန်ရွာသွန်းနေရုံဖြင့် စပါးခင်းများအောင်မြင်ဖြစ်ထွန်းကြကြောင်း၊ အချို့နယ်ဘက်တွင် မိုးချိုသောက်စပါးဟုလည်း ခေါ်ဆိုသေးကြောင်း၊ လဲ့ဂွကျေးရွာတွင် မိုးကောင်းသောက်စပါးကို အားထားစိုက်ပျိုးကြပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်းလတို့တွင် နှံ့ရည်စထည့်ကာ မိုးအကုန် ဆောင်းဦးပေါက်တွင် စပါးများ ရင့်မှည့်ပြီး ရိတ်သိမ်းလေ့ရှိကြောင်း၊ စပါးရိတ်သိမ်းပြီး ခြွေလှေ့ပြီးပါက စပါးပင်(ကောက်ရိုး)ကို နွားစာအဖြစ်



အသုံးပြုခြင်း၊ တဲမိုးခြင်းနှင့် မြေဆွေးပြန်လည်အသုံးပြုခြင်းတို့ ပြုလုပ်ကြကြောင်း သိရပြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်တောင်သူများ မိုးကောင်းသောက်စပါးများ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

(၄၈၁)

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများ နိုင်ငံအလိုက် တောင်ပင်လယ်ပုလဲထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များ၊ မြန်မာ့ပုလဲများထုတ်လုပ်မှု၊ ရောင်းချနိုင်မှုနှင့် ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲအခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုစဉ်။

◌ စာမျက်နှာ ၂၄ မှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံအလိုက် တောင်ပင်လယ်ပုလဲထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များ၊ မြန်မာ့ပုလဲများထုတ်လုပ်မှု၊ ရောင်းချနိုင်မှုနှင့် ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲအခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ၌ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် ပုလဲအတွဲများနှင့် ပုဂ္ဂလိကကျောက်မျက်ရတနာအချောထည် အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုကြရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

(၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲ အရောင်းချပွဲကို ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ တောင်ပင်လယ်ပုလဲအလုံးပေါင်း ၁၇၅၀၀၀၊ အတွဲ ၇၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်သည်။

ရောင်းချပေးသွားမည်

အဆိုပါ (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ် ပုလဲအရောင်းချပွဲ၌ ဩဂုတ် ၁၃ ရက်တွင် တင်ဒါအမှတ်(၁)ဖြစ်သည့် ပုလဲအတွဲအမှတ်(၀၀၁)မှ (၁၁၅) တွဲအထိ ပုလဲအတွဲ ၁၁၅ တွဲနှင့် တင်ဒါအမှတ်(၂) ဖြစ်သည့် ပုလဲအတွဲအမှတ်(၁၁၆)မှ အတွဲ(၂၃၀)အထိ ပုလဲအတွဲ ၁၁၅ တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ဩဂုတ် ၁၄ ရက်တွင် တင်ဒါအမှတ် (၃)ဖြစ်သည့် ပုလဲအတွဲအမှတ်(၂၃၁)မှ (၃၄၅)တွဲအထိ ပုလဲအတွဲ ၁၁၅ တွဲနှင့် တင်ဒါအမှတ်(၄)ဖြစ်သည့် ပုလဲအတွဲအမှတ် (၃၄၆)မှ (၄၆၀)အထိ ပုလဲအတွဲ ၁၁၅ တွဲတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ဩဂုတ် ၁၅ ရက်တွင် တင်ဒါအမှတ်(၅)ဖြစ်သည့် ပုလဲအတွဲအမှတ် (၄၆၁)မှ (၅၈၀)အထိပုလဲအတွဲ ၁၂၀ နှင့် တင်ဒါအမှတ် (၆)ဖြစ်သည့် ပုလဲအတွဲအမှတ် (၅၈၁)မှ (၇၀၀)အထိ ပုလဲအတွဲ ၁၂၀ တို့ကို အိတ်ဖွင့် တင်ဒါစနစ်ဖြင့်လည်းကောင်း ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုဂ္ဂလိကကျောက်မျက်ရတနာအချောထည်အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုစဉ်။

# ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ် ပုလဲရောင်းချပွဲ စတင်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၂

၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပပြီး ပုလဲအတွဲပေါင်း ၇၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။

အဆိုပါပုလဲရောင်းချပွဲတွင် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် နံနက်ပိုင်းမှစတင်၍ မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ရောင်းချရန် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ထို့နောက် ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဩဂုတ် ၁၃ ရက်တွင် ရောင်းချမည့်ပုလဲအတွဲများအတွက် ဈေးနှုန်း အဆိုပြုလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။




ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ခင်းကျင်းပြသထားသည့်ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစဉ်။

၂၀၂၄ ခုနှစ် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲတွင် ပုလဲအလုံးပေါင်း ၁၇၅၀၀၀၊ ပုလဲအတွဲပေါင်း ၇၀၀ ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ဩဂုတ် ၁၃ ရက်တွင် ပုလဲအတွဲပေါင်း ၂၃၀၊ ဩဂုတ် ၁၄ ရက်တွင် ပုလဲအတွဲပေါင်း ၂၃၀ နှင့် ဩဂုတ် ၁၅ ရက်တွင် ပုလဲအတွဲပေါင်း ၂၄၀ တို့ကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား အမေရိကန်ဒေါ်လာဖြင့် ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်မည့် မစ္စ ကောင်းဖျင်က ၎င်း၏ ခန့်အပ်လွှာလာရောက်ပေးအပ်



နေပြည်တော် ဩဂုတ် ၁၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန် ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန် ထမ်းဆောင်မည့် မစ္စ ကောင်းဖျင် (Ms. Gao Ping) က ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြု တွေ့ဆုံပြီး ၎င်း၏ခန့်အပ်လွှာကို လာရောက်ပေးအပ် သည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန်အကျိုး ဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်သံအမတ်ကြီး မစ္စတာမူဘာရက်(ခ်) အမ်အေအလက်ဝါနီ ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံ ဆိုင်ရာ ကူဝိတ်သံအမတ်ကြီး မစ္စတာမူဘာရက်(ခ်) အမ်အေအလက်ဝါနီ ကို ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံ သည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကူဝိတ် သံအမတ်ကြီး ကို မြန်မာနိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက် မှုများမြှင့်တင်ရန် ဆောင်ရွက်နိုင်ခဲ့ခြင်းများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာ-ကူဝိတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ပိုမိုမြှင့်တင် ရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုအပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက် မှုများ ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ဆောင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူ ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## ပန်းခွာကျေးရွာတွင် (နဝမ)အကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများ ထုတ်ချေးပေး

ကျောက်ဆည် ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူ များ လူမှုဘဝပိုမိုဖွံ့ဖြိုးတိုးတက် လာစေရန်နှင့် မြို့ပြနှင့်ကျေးလက် ကွာဟမှု လျော့နည်းလာစေရေး အတွက် ရည်ရွယ်ပြီး ကျေးရွာများ အား မြစိမ်းရောင်ကျေးရွာစီမံကိန်း အဖြစ် အရင်းမပျောက် မ,တည် လည်ပတ် ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခြင်း၊ ကျေးလက် ကုန်ထုတ်လမ်းများ ဖောက်လုပ် ပေးခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်သည့် ကျေးရွာတွင်း လမ်းများအား ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင်ပေးခြင်း စသည့် ကျေးလက်ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများအား အကောင် အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက ပန်းခွာကျေးရွာအား (နဝမ) အကြိမ်မြောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းချေးငွေများ ထုတ်ချေးပေးခဲ့သည်။

ထိုသို့ စီမံကိန်းငွေများ ထုတ်ချေးပေးရာတွင် မြို့နယ်



ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ တာဝန်ရှိသူများ နှင့် ဝန်ထမ်းများက ပန်းခွာ ကျေးရွာမှ စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၀၂ဦးအတွက် ငွေကျပ် ၅၁၁ သိန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၂၉ဦးအတွက် ငွေကျပ် ၁၁၆သိန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၁၀ဦး အတွက် ငွေကျပ်သိန်း ၄၀ တို့ အား အသီးသီးလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့သည်။

(အောက်ဝဲပုံ)

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများကို ကျောက်ဆည် မြို့နယ်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာ နှစ်တွင် ရွှေလေးကျေးရွာအား စတင်ထုတ်ချေးပေးခဲ့ပြီး၊ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ ကျေးရွာ ၄၅ရွာအား မြစိမ်းရောင် ကျေးရွာစီမံကိန်းငွေများ အသီးသီး ထုတ်ချေးပေးထားကြောင်း သိရ သည်။

(၄၈၅)

၀-၀-၀-၀-၀

## နိုင်ငံကျော်တေးသံရှင် ဒေါ်ရီရီခင်၏ ဂီတခရီးလမ်း စိန်ရတုဂီတဖျော်ဖြေပွဲ ကျင်းပမည်

မန္တလေး ဩဂုတ် ၁၂

မန္တလေးမြို့မှ နိုင်ငံကျော် တေးသံရှင်ဒေါ်ရီရီခင်၏ ဂီတခရီး လမ်း စိန်ရတုအချိန်အခါ ကြိုဆို ဂုဏ်ပြုသောအားဖြင့် မျိုးဆက်သစ် အနုပညာရှင်များက ဒေါ်ရီရီခင် ဂီတစိန်ရတုတေးဂီတ အနုပညာ များဖြင့် ဂုဏ်ပြုသီဆိုဂါရဝပြုပွဲ ကို မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၃လမ်း၊ ၃၇(ဘီ)လမ်းထောင့်ရှိ Y Mandalay Hotel တွင် ဩဂုတ် ၁၃ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ် သည်။

ဒေါ်ရီရီခင် စိန်ရတုဂီတဖျော် ဖြေပွဲတွင် ရန်ကုန်မြို့နှင့်မန္တလေး မြို့များရှိ နိုင်ငံကျော်တေးသံရှင် များ ဂီတကို မြတ်နိုးကြသော မန္တလေးမြို့မှ မျိုးဆက်သစ် အနု ပညာရှင်များ၊ ဒေါ်ရီရီခင်၏ အနု ပညာကိုလေးစားသော မန္တလေး မြို့မှ ဂီတဝါသနာရှင်များ ပါဝင် ဂုဏ်ပြုသီဆိုကြမည်။

ဒေါ်ရီရီခင် စိန်ရတုဂီတ ဖျော်ဖြေပွဲကို ရန်ကုန်မြို့တွင်ကျင်းပ ခဲ့ပြီး မန္တလေးမြို့မှ နိုင်ငံကျော် အနုပညာရှင်ကြီးသက်ရှိစဉ် ဂုဏ် ပြုပွဲကျင်းပခြင်းဖြစ်ကြောင်း ပွဲ စီစဉ်သူများထံကသိရပြီး ဒေါ်ရီ ရီခင်သည် မန္တလေးဂုဏ်ဆောင် မြို့မတေးဂီတအဖွဲ့၊ မိုးကေသီ၊ သင်္ဂဟ တေးဂီတအဖွဲ့များတွင် သီဆိုဖျော်ဖြေခဲ့ပြီး မြန်မာ့အသံမှ ၎င်း၏ ကျော်ကြားသော သီချင်း များ ထုတ်လွှင့်ပေးခဲ့ကြောင်း သိရ သည်။

(အောက်ပုံ)

(၀၄၅)

၀-၀-၀-၀-၀



# MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချ ဆန္ဒဖော်ထုတ်ပွဲပြုလုပ်



နေပြည်တော် ဩဂုတ် ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှိ အပြစ်မဲ့ အရပ်သားပြည်သူများအပေါ် MNDAA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချဆန္ဒဖော်ထုတ်ပွဲကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်း၌ မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) တို့မှ ဦးဆောင်၍ ပြုလုပ်သည်။

ဦးစွာ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လားရှိုးမြို့တပ်မတော်ဆေးရုံရှိ ဆရာဝန်၊ သူနာပြု၊ အရပ်သားပြည်သူများအပေါ် လူမဆန်သောယုတ်မာမှုများနှင့်ပတ်သက်၍ လည်းကောင်း၊ အကြမ်းဖက်နှိမ်နင်းရေး၊ အကြမ်းဖက် ဘေးအန္တရာယ်များနှင့်ပတ်သက်၍ လည်းကောင်း တာဝန်ရှိသူများက ရှင်းလင်းပြောကြားခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် " MNDAA နှင့် ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ ချက်ချင်းရပ်၊ အပြစ်မဲ့အရပ်သားပြည်သူများကို အစလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သော MNDAA အကြမ်းဖက်အဖွဲ့အား အလိုမရှိ၊ အပြစ်မဲ့ပြည်သူများစွာကို ရက်စက်စွာသတ်ဖြတ်နေသည့် အကြမ်းဖက်များအလိုမရှိ၊ အကြမ်းဖက်အဖွဲ့များကို အမြစ်ဖြတ် နှိမ်နင်းဆောင်ရွက်ပေးရေး ဒို့အရေး၊ ပြည်သူကို သတ်ဖြတ်နေသည့် အကြမ်းဖက်အဖွဲ့များ ကျရှုံးပါစေ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းဖို့ ပြည်ဖျက်မိစ္ဆာတွေကို တိုက်ထုတ်ကြပါစို့ " စသည့် ကြွေးကြော်သံများ ကြွေးကြော်ပြီး ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်၍ ကန့်ကွက်ရှုတ်ချခြင်းကို ရပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မင်းတပ်မြို့နယ်နှင့် မုံရွာမြို့နယ်အတွင်း တပ်မတော်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများကြောင့် ပြည်သူများ ထိခိုက်သေဆုံးခဲ့သည်ဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ







နေပြည်တော် ဩဂုတ် ၁၂

ချင်းပြည်နယ် မင်းတပ်မြို့ရှိ နယ်မြေခံတပ်ရင်းက ဩဂုတ် ၉ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် မင်းတပ်မြို့အရှေ့ဘက်တွင် တောင်ယာလုပ်ကိုင်နေသည့် ဒေသခံအမျိုးသမီးတစ်ဦး သေဆုံးပြီး ကလေးငယ် တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အဝင်ရှိ စစ်ဆေးရေးဂိတ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ် ၁၁ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် မုံရွာ-အမြင့်လမ်းဘေးရှိ ကျေးရွာများအတွင်းသို့ လက်နက်ကြီး ကျည်များကျရောက်ပေါက်ကွဲခဲ့ပြီး ပြည်သူ နှစ်ဦးသေဆုံးကာ ခုနစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု လည်းကောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ မင်းတပ်မြို့နယ်နှင့် မုံရွာမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ အဆိုပါမြို့နယ်များအတွင်း PDF အမည်ခံ အကြမ်းဖက်သမားများမှ ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ လုပ်ဆောင်ရန် ရောက်ရှိစုဖွဲ့နေကြောင်း သတင်းပေးပို့ချက်အရ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ထွက်ပြေးသွားခဲ့ကြောင်းနှင့် ပြည်သူများ ထိခိုက်သေဆုံးခဲ့သည်မှာ လုပ်ကြံသတင်း အမှားသာဖြစ်ကြောင်း သိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများနေထိုင်ရာ ကျေးရွာများအတွင်းသို့ လက်နက်ကြီး ပစ်ခတ်မှုများ မရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အဝေးမှ လက်လုပ်လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် မြို့၊ ရွာများကို Drop Bomb များ၊ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခြင်းများကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ရသည်ကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက် သောင်းကျန်းသူများ၏ လုပ်ရပ်များကိုဖုံးကွယ်ရန်အတွက် လူမှုကွန်ရက်မှတစ်ဆင့် သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဖျာပုံမြို့တွင် ပြည်သူ သုံးဦး၏ လက်ကိုင်ဖုန်းများတွင် VPN Application တွေ့ရှိ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ပြီး ငွေကျပ် ၅ သိန်းတောင်းကာ ပြန်လွှတ်ပေးခဲ့ကြောင်း လုပ်ကြံရေးသား ဝါဒဖြန့်ဝေ




နေပြည်တော် ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်က ဒေသခံပြည်သူများ၏ လက်ကိုင်ဖုန်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့ပြီး VPN Application တွေ့ရှိသည့် ပြည်သူ သုံးဦးကို ဖမ်းဆီးခဲ့ကြောင်းနှင့် ဩဂုတ် ၁၀ ရက်က အဆိုပါပြည်သူ သုံးဦးကို တစ်ဦးလျှင် ငွေကျပ် ၅ သိန်းတောင်းပြီး ပြန်လွှတ်ပေးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ ဖျာပုံမြို့နယ်အတွင်း အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပွားမှု မရှိစေရန်အတွက် ရပ်ကွက်ကျေးရွာများမှ တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး လှည့်ကင်းပတ်ကင်းများ ဆောင်ရွက်ခြင်းနှင့် ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် ၎င်း Application တွေ့ရှိသူများကို လည်းကောင်း၊ အခြားမသက်ဆိုင်သူများကိုလည်းကောင်း ဖမ်းဆီးခြင်းမရှိကြောင်း၊ ငွေတောင်းပြီး ပြန်လွှတ်ပေးခဲ့သည့် ဖြစ်စဉ်များလည်း မရှိခဲ့ကြောင်းနှင့် ယခုသတင်းမှာ လုပ်ကြံဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေမည့် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) တို့ဖြင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည်ဟု နိုင်ငံတော်မှ အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်ရာ ၎င်းအသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ ပြည်သူများ စိုးရိမ်ထိတ်လန့်စေမည့် ဝါဒဖြန့်သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာပေါ်၌ ဖြန့်ဝေနေသူများကိုလည်း သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နိုင်ငံကူးလက်မှတ်ကိစ္စ၊ ကောင်စစ်ဝန်ဆောင်မှုကိစ္စများနှင့် ပတ်သက်၍ မလေးရောက် မြန်မာများအား လိမ်လည်နေသူများ၊ Facebook/ Tik Tok အကောင့်ပိုင်ရှင်များကို သံရုံးက ဖော်ထုတ်အရေးယူမည်

ရန်ကုန် ဩဂုတ် ၁၂

နိုင်ငံကူး လက်မှတ်ကိစ္စ၊ ကောင်စစ်ဝန်ဆောင်မှုကိစ္စများနှင့် ပတ်သက်၍ မြန်မာနိုင်ငံသားများကို လိမ်လည်နေသူများ၊ Facebook/ Tik Tok အကောင့်ပိုင်ရှင်များကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးက ဖော်ထုတ်အရေးယူမည်ဖြစ်ကြောင်း အဆိုပါသံရုံးက ထုတ်ပြန်ထားသည်။




မြန်မာသံရုံးမှ ကောင်စစ်ဝန်ဆောင်မှုကိစ္စရပ်များနှင့်ပတ်သက်သည့် အသိပေးစာများ၊ နိုင်ငံကူးလက်မှတ် အသစ်/ပျောက်ဆုံး လျှောက်သူများ ခွင့်ပြုချက်စာရင်းနှင့် C of I ကိစ္စရပ်များကို မြန်မာနိုင်ငံသားများသိရှိစေရန် သံရုံး၏ Facebook Page "Myanmar Embassy in Kuala Lumpur, Malaysia" နှင့် Website: https://myanmar-embassykl.org တို့တွင် ဖော်ပြပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသားများကို လိမ်လည်အမြတ်ထုတ်လိုသူများက Facebook/ Tik Tok များတွင် နိုင်ငံကူးလက်မှတ်ကိစ္စရပ်များနှင့် ကောင်စစ်ဝန်ဆောင်မှုကိစ္စရပ်များ ဆောင်ရွက်ရာတွင် အထောက်အထားများအဖြစ် တင်ပြရသည့် စာရွက်စာတမ်းများ(မှတ်ပုံတင်/ အိမ်ထောင်စုစာရင်း/ထောက်ခံစာ အစရှိသည်များ) မမှန်မကန်ပြုလုပ်ပေးသည့် ရေးသား/ပြောကြားချက်များကို ပြုလုပ်နေသည်ကို တွေ့ရှိရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံသားများ ဆောင်ရွက်လိုသည့် ကောင်စစ်ဝန်ဆောင်မှုကိစ္စရပ်များကို သတ်မှတ်ထားသည့် စာရွက်စာတမ်းများနှင့်အတူ မှန်ကန်စွာ ဆောင်ရွက်ကြပါရန်နှင့် မမှန်ကန်သည့် စာရွက်စာတမ်းများဖြင့် ပြုလုပ်တင်ပြခြင်းသည် ဥပဒေနှင့် ငြိစွန်းမှုရှိနေသည့်အပြင် လက်ခံဆောင်ရွက်ပေးနိုင်ခြင်း မရှိခြင်းကြောင့် ယင်းသို့ တင်ပြပါက နိုင်ငံသားများ အလုပ်ပျက်၊ အချိန်နှင့် ငွေကုန်နစ်နာမှုများရှိနိုင်သဖြင့် မိမိ၏ စာရွက်စာတမ်းအခက်အခဲနှင့် ပတ်သက်၍ မြန်မာသံရုံးရှိ သက်ဆိုင်ရာ ကောင်တာများတွင် တင်ပြအကြံပြုချက်များ တောင်းခံ၍ ဆောင်ရွက်နိုင်ကြောင်းလည်း အသိပေးထားသည်။ မြန်မာနိုင်ငံသားများအား လိမ်လည်လှည့်ဖြားနေသည့် ပုဂ္ဂိုလ်များ၊ Facebook/Tik Tok အကောင့်ပိုင်ရှင်များကို ဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

မလေးရှားအစိုးရ က နိုင်ငံအတွင်း တရားမဝင်ရောက်ရှိနေသည့် နိုင်ငံခြားသားများ ပပျောက်စေရေးရည်ရွယ်လျက် စီမံချက်များချမှတ်ပြီး Operasi စစ်ဆေးမှုများကို နိုင်ငံတစ်ဝန်း အရှိန်မြှင့်လုပ်ဆောင်နေပါသဖြင့် မလေးရှားနိုင်ငံအတွင်း ရောက်ရှိအလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများအနေဖြင့် ယခုကာလအတွင်း အသွားအလာများ ဂရုပြုကြပါရန်နှင့် မဖြစ်မနေ ခရီးသွားလာရန်ရှိပါက နိုင်ငံကူးလက်မှတ်နှင့် လိုအပ်သည့် စာရွက်စာတမ်းများကိုလည်း Operasi စစ်ဆေးမှုများရှိသည့်အခါတွင် တင်ပြနိုင်ရန်အတွက် ကိုယ်နှင့်မကွာ ဆောင်ထားကြရန်လည်း သံရုံးက အသိပေးထားသည်။

Htet Oo Maung

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ။

## ယူရီးယားမြေသြဇာအားဒေသအလိုက် သတ်မှတ်ရည်ညွှန်းဈေးနှုန်းများဖြင့် ရောင်းချခြင်း ရှိမရှိ ကွင်းဆင်းစစ်ဆေး

**ငါန်းဇွန် ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့ပေါ်ရပ်ကွက်များအတွင်း ရောင်းချလျက်ရှိသော စိုက်ပျိုးရေးဆေးဆိုင်များတွင် ယူရီးယားမြေသြဇာအား ဒေသအလိုက် သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချခြင်း ရှိမရှိ ဩဂုတ် ၇ ရက် နံနက် ၁၀နာရီက မြို့နယ်ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ(မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့)မှ တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်များအတွင်း ယူရီးယား မြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချလျက်ရှိသော စိုက်ပျိုးရေးဆေးဆိုင်များ၌ သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိမရှိ ကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာမြို့နယ် မင်းကန်ကျေးရွာအနီးရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်၊ တောင်သာ စွပ်ကျယ်စက်ရုံနှင့် မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီး

နေပြည်တော် ဩဂုတ် ၁၂

အကြမ်းဖက်သမားများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေရန်၊ ဒေသတွင်းကုန်စည်စီးဆင်းမှု ရပ်တန့်စေပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ နိုင်ငံတော်အစိုးရ၏ စီမံကိန်းလုပ်ငန်းများကို နှောင့်ယှက်တိုက်ခိုက်ခြင်း၊ ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကျေးရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်းနှင့် Drop Bomb များ ကြဲချတိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများသည် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် မင်းကန်ကျေးရွာအနီးရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား နှောင့်ယှက်ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ပိုက်လိုင်းလုံခြုံရေး ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ တောင်ဘက် မီတာ ၃၀၀ ခန့် အကွာမှနေ၍ လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထို့ပြင် PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့မွန်းလွဲပိုင်းတွင် တောင်သာမြို့၏ မြောက်ဘက် မီတာ ၂၀၀၀ ခန့် အကွာရှိစက်မှုဝန်ကြီးဌာန လက်အောက်ရှိတောင်သာစွပ်ကျယ်စက်ရုံသို့ မော်တော်ဆိုင်ကယ် ခုနစ်စီးဖြင့် ရောက်ရှိလာပြီး စက်ရုံဝင်းတံခါးအား ရိုက်ချိုးဖျက်ဆီး၍ စက်ရုံအုပ်ချုပ်မှုရုံးနှင့် ရုံးပိုင်မော်တော်ယာဉ် နှစ်စီးကို မီးရှို့ဖျက်ဆီးခဲ့သည်။ ယင်းနောက် စက်ရုံဝန်ထမ်းများပိုင်ဆိုင်သည့် မော်တော်ဆိုင်ကယ် သုံးစီးအား ယူဆောင်၍ လာရာလမ်းအတိုင်း ပြန်လည်ထွက်ပြေးသွားခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် စက်ရုံဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းပတ်ပိတ်ဆို့၍ လိုက်လံချေမှုန်းလျက်ရှိကြောင်းနှင့် တောင်သာမြို့နယ်အတွင်း လိုအပ်သည့်နယ်မြေလုံခြုံရေးနှင့် စိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်




PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာမြို့နယ် မင်းကန်ကျေးရွာအနီးရှိသဘာဝဓာတ်ငွေ့ပိုက်လိုင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။




PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာမြို့နယ် မင်းကန်ကျေးရွာအနီးရှိသဘာဝဓာတ်ငွေ့ပိုက်လိုင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။





PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာမြို့နယ်ရှိ စွပ်ကျယ်စက်ရုံရှိ မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခဲ့သည့်ပုံများ။











PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာမြို့နယ်ရှိ စွပ်ကျယ်စက်ရုံအား မီးရှို့ဖျက်ဆီးခဲ့သည့်ပုံများ။

# KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမော်မြို့အတွင်း ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် သံဃာတော်နှစ်ပါး ပျံလွန်တော်မူခဲ့ပြီး သံဃာတော်သုံးပါး၊ ကိုရင်သုံးပါးနှင့် အပြစ်မဲ့ပြည်သူသုံးဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၁၂

ကချင်ပြည်နယ် ဗန်းမော်မြို့ မြို့မရပ်ကွက်ရှိ ဓမ္မပါလလယ်ပေါ် ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းသို့ ယနေ့မွန်းလွဲပိုင်းတွင် KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် ရှော့တိုက်ဒုံးတစ်လုံးကျရောက်ပေါက်ကွဲမှုကြောင့် အဆိုပါကျောင်းတိုက်အတွင်း သီတင်းသုံးနေသည့် သံဃာတော်နှစ်ပါး ဗုံးစထိမှန်၍ ပျံလွန်တော်မူခဲ့ပြီး သံဃာတော်သုံးပါး၊ ကိုရင်သုံးပါးနှင့် အပြစ်မဲ့ပြည်သူသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

### ပျံလွန်တော်မူ

ဖြစ်စဉ်မှာ KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများသည် ဗန်းမော်မြို့နယ်အတွင်း စစ်ရေးပစ်မှတ်မဟုတ်သည့် ဌာနဆိုင်ရာ အဆောက်အအုံနှင့် လူနေအိမ်များအား လက်နက်ကြီးများ၊ ရှော့တိုက်ဒုံးများဖြင့် အဝေးမှနေ၍ ပစ်ခတ်တိုက်ခိုက်လျက်ရှိရာ ယနေ့မွန်းတည့် ၁၂ နာရီတွင် အဆိုပါအကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် ရှော့တိုက်ဒုံးတစ်လုံးသည် မြို့မရပ်ကွက်ရှိ ဓမ္မပါလလယ်ပေါ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ မြနှင်းဆီကျောင်းဆောင်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။ ထိုသို့ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲမှုကြောင့် အဆိုပါကျောင်းဆောင်အတွင်း သီတင်းသုံးနေသော သံဃာတော်နှစ်ပါး ဗုံးစထိမှန်ဒဏ်ရာများရရှိကာ ပျံလွန်တော်မူခဲ့ပြီး သံဃာတော်သုံးပါး၊ ကိုရင်သုံးပါးနှင့် အပြစ်မဲ့ပြည်သူသုံးဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဗန်းမော်မြို့ ပြည်သူ့ဆေးရုံသို့ လူမှုကူညီရေးအသင်းက မော်တော်ယာဉ်ဖြင့် ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးပစ်မှတ်မဟုတ်ဘဲ အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီးများ၊ ရှော့တိုက်ဒုံးများဖြင့် ရက်စက်ယုတ်မာစွာ ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် တိုက်ပွဲများဖော်ဆောင်ခြင်းများ လုပ်ဆောင်မှုများကြောင့် မြို့၊ ရွာများရှိ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လူနေအိမ်များနှင့် စာသင်ကျောင်းများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိကာ ပြည်သူလူထု၏ အသက်အိုးအိမ်ကို ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ဒေသခံပြည်သူများက အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမော်မြို့အတွင်းသို့ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သံဃာတော်များ ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့မြင်ရစဉ်။


KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမော်မြို့အတွင်းသို့ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သံဃာတော်များ ပျံလွန်တော်မူခဲ့မှုကို တွေ့မြင်ရစဉ်။




KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲမှုကြောင့် ဓမ္မပါလလယ်ပေါ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ မြနှင်းဆီကျောင်းဆောင် ပျက်စီးမှုကို တွေ့မြင်ရစဉ်။

# တရားမဝင် စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၂**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် ဩဂုတ် ၉ ရက်က ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဗလမင်းထင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ ယာဉ် ခြောက်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် စက်သုံးဆီဒီဇယ်ဆီဂါလန် ၁၃၆၅၀၊ ကြက်သွန်ဖြူ ကီလိုဂရမ် ၁၄၀၀၀၊ စားတော်ပဲ ကီလိုဂရမ် ၂၄၀၀၀၊ Semi-Refined paraffin Wax ကီလိုဂရမ် ၄၀၀၀၊ Solar Pancl 600 W ၂၁၆ ချပ်၊ Hydraulic Hose မီးကြိုး ကီလိုဂရမ် ၄၅၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Do-ng Feng Truck ငါးစီးနှင့် Zone Oil Bowser ဆီသယ်ယာဉ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် K-Broad Wireless Speaker ၃၁လုံးအပါအဝင် ကုန်ပစ္စည်းသုံးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Center Truck တစ်စီးကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**






# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မန္တလေး ဩဂုတ် ၁၂**

ယင်းမာပင်မြို့၊ (ဂ)ရပ်ကွက် မုံရွာ-ယင်းမာပင်-ပုလဲ-ဂန့်ဂေါသွားကားလမ်း၌ လုံခြုံရေးအဖွဲ့ဝင်များသည် ဩဂုတ် ၈ ရက် မွန်းလွဲ ၃ နာရီခွဲခန့်က လူ၊ ယာဉ်သွားလာမှုများအား စစ်ဆေးနေစဉ် ယာဉ်မောင်း ခင်မောင် ဆန်း ဆိုသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် လွင်မင်းသန့် ဆိုသူ လိုက်ပါလာသော KANDA (၆)ဘီးယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် အဝတ်အထည် ဆာလာအိတ်အတွင်း၌ တိပ်အဝါရောင်ဖြင့် ပတ်ထားသည့် အထုပ် ၂၀ ၊ တစ်ထုပ်လျှင် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ အား ရှာဖွေတွေ့ရှိသဖြင့် လုံခြုံရေးအဖွဲ့ဝင်များက ဖမ်းဆီးခဲ့ပြီး ၎င်းတရားခံ နှစ်ဦးအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# နိုင်ငံတကာ အားကစား သတင်းများ

## ဂိုးသမား ရူလီအား မာဆေးလ်အသင်း ခေါ်ယူ

**ပါရီ ဩဂုတ် ၁၂**

မာဆေးလ်အသင်းသည် အေဂျက်စ်အသင်း ဂိုးသမား ရူလီအားပြောင်းရွှေ့ကြေး ယူရို ၃သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် မာဆေးလ်အသင်းနှင့်အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။

ဂိုးသမား ရူလီသည် အေဂျက်စ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၂ ပွဲကစားပြီး အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် မာဆေးလ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မာဆေးလ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ၈ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(ယာဝ်)**(NGB)







## မာတာ ဘရာဇီး အမျိုးသမီးလက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူ

**လန်ဒန် ဩဂုတ် ၁၂**

ဘရာဇီးအမျိုးသမီး လက်ရွေးစင်အသင်း ဝါရင့်တိုက်စစ်မှူး မာတာလက်ရွေးစင်ကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဘရာဇီးအမျိုးသမီးအသင်း လက်ရွေးစင်နှင့်အတူ ၂၀၀၂မှ ၂၀၂၄အထိ ပြိုင်ပွဲပေါင်း ၂၀၄ ပွဲကစားကာ ၁၁၉ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့သည်။

အသက်(၃၈)နှစ်အရွယ်ရှိ မာတာက "ကျွန်မဘရာဇီးအမျိုးသမီးလက်ရွေးစင်အသင်းကစားသမားဘဝမှအနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်မကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**(အပေါ်ပုံ)**

(NGB)

၀-၀-၀-၀-၀-၀

## ပက်ဒရိုနီတိုအား ၇နှစ်စာချုပ်ဖြင့် ချဲလ်ဆီးအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၂**

ချဲလ်ဆီးအသင်းသည် ဝုဖ်အသင်း တောင်ပံကစားသမား ပက်ဒရိုနီတိုအား ပြောင်းရွှေ့ကြေးယူရိုသန်း၆၀+Add-Onsကြေး ယူရို ၃သန်းဖြင့် ၇နှစ် စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ဝုဖ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၅ ပွဲကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ပက်ဒရိုနီတိုက "ကျွန်တော်ချဲလ်ဆီးအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ လာမည့် ဘောလုံးရာသီသစ်မှာ ချဲလ်ဆီး အသင်း အောင်မြင်မှုများ ရရှိဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ပုံ)**(NGB)



### ဘောလုံးသတင်း အတိုအထွာများ

* လက်စတာစီးတီးအသင်းသည် ဘရိုက်တန်အသင်းကွင်းလယ်ကစားသမား ဘူယွန်နာနော့တီအား တစ်ရာသီငှားစာချုပ်ဖြင့် ခေါ်ဆိုခဲ့သည်။

* ဘရန့်ဖို့ဒ်အသင်းသည် လီဗာပူးအသင်း ကွင်းလယ်ကစားသမား ဖာဘီယိုကာဗယ်လ်ဟိုအား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။

(NGB)

## အလက်ဆစ်ဆန်းချက်ဇ် အူဒီးနီစ်အသင်းတွင် ကျောနံပါတ် ၇ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**တူရင် ဩဂုတ် ၁၂**

တိုက်စစ်မှူးသစ်အလက်ဆစ်ဆန်းချက်ဇ်အူဒီးနီစ်အသင်းတွင် ကျောနံပါတ် ၇ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၃၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် အူဒီးနီစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာပြီး ၂နှစ် စာချုပ် ချုပ်ဆိုခဲ့သည်။





တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်သည် ကစားသမားဘဝတစ်လျှောက်တွင် ဘာစီလိုနာ၊ အာဆင်နယ်၊ မန်ချက်စတာယူနိုက်တက်၊ အင်တာမီလန်၊ မာဆေးလ် စသည့်ကလပ်အသင်းများတွင် ကစားခဲ့ဖူးပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အူဒီးနီစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အူဒီးနီစ်အသင်းထုတ်ပြန်ချက်တွင် "အလက်ဆစ်ဆန်းချက်ဇ်အား ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း ဈေးကွက်အတွင်း ကစားသမားသစ်တွေ ထပ်မံခေါ်ယူ အားဖြည့်သွားဦးမှာပါ" ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ)**

(NGB)

## ဗာရန်း ဒူးဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိ

**တူရင် ဩဂုတ် ၁၂**

ကိုမိုအသင်း နောက်ခံကစားသမား ဗာရန်း ဒူးဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် ကိုပါအီတာလီယာပွဲစဉ်အဖြစ် ကိုမိုအသင်းက ဆမ်ဒိုးအသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဝါရင့် နောက်ခံကစားသမား ဗာရန်း အနားယူရမည်ဖြစ်သောကြောင့် ကိုမိုအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

ကိုမိုအသင်းသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအီတာလီစီးရီးအေအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၂၀ ရက်တွင် ဂျူဗင်တပ်အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(အောက်ပုံ)**

(NGB)



## 2024 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Andrey Rublev တက်ရောက်

**လန်ဒန် ဩဂုတ် ၁၂**

ကနေဒါနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ရုရှားတင်းနစ်ကစားသမား Andrey Rublev တက်ရောက်ခဲ့သည်။



အဆိုပါ ရုရှားတင်းနစ်ကစားသမား Andrey Rublev သည် 2024 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အီတာလီတင်းနစ်ကစားသမား Matteo Arnaldi အား ၆-၄၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ရုရှားတင်းနစ်ကစားသမား Andrey Rublevနှင့် ဩစတြေးလျတင်းနစ်ကစားသမား Alexei Popyrin တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(ဝဲပုံ)**

(NGB)

### နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၃-၈-၂၀၂၄ အင်္ဂါနေ့ | ၁၀း၃၀ နာရီ | ဘိုင်ယန်မြူးနစ်(ဂျာမနီ) - WSGတီရိုး(ဩစတြီးယား) |

### ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(တတိယအဆင့်)(ဒု-ကျော့)ခြေစစ်ပွဲစဉ်များ — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ပထမအကျော့ရလဒ် |
|---|---|---|
| ၁၃-၈-၂၀၂၄ ည ၁၁း၃၀နာရီ | အေပိုးလ်(ဆိုက်ပရပ်စ်) - ဆလိုဗန်(ဆလိုဗက်ကီးယား) | ဆလိုဗန် ၂-၀ အေပိုးလ် |
| ။ | တွမ်တီး(နယ်သာလန်) - ဆောလ်ဘတ်(ဩစတြီးယား) | ဆောလ်ဘတ် ၂-၁ တွမ်တီး |
| ။ | ဘိုဒို(နော်ဝေ) - ဂျာဂျီလိုနီးယား(ပိုလန်) | ဂျာဂျီလိုနီးယား ၀-၁ ဘိုဒို |
| ။ | ဖီနာဘာချီ(တူရကီယဲလ်) - လိုင်လီ(ပြင်သစ်) | လိုင်လီ ၂-၁ ဖီနာဘာချီ |
| ၁၄-၈-၂၀၂၄ နံနက် ၀၀း၀၀နာရီ | PAOK(ဂရိ) - မော်လ်မို(ဆွီဒင်) | မော်လ်မို ၂-၂ PAOK |
| ၁၄-၈-၂၀၂၄ နံနက် ၀၀း၃၀ နာရီ | လူဒိုဂိုရက်စ်(ဘူလ်ဂေးရီးယား) - ကာရာဘတ်(အဇာဘိုင်ဂျန်) | ကာရာဘတ် ၁-၂ လူဒိုဂိုရက်စ် |
| ။ | ဖီရန်ဘားရို့စ်(ဟန်ဂေရီ) - မစ်ဂျီလန်း(ဒိန်းမတ်) | မစ်ဂျီလန်း ၂-၀ ဖီရန်ဘားရို့စ် |
| ၁၄-၈-၂၀၂၄ နံနက် ၀၁း၀၀ နာရီ | ယူနီယံစိန့်(ဘယ်လ်ဂျီယံ) - ဆလားဘီးယားပရပ်ဂ်(ချက်) | ဆလားဘီးယားပရပ်ဂ် ၃-၁ ယူနီယံစိန့် |
| ။ | FCSB(ရိုမေးနီးယား) - စပါတာပရပ်ဂ်(ချက်) | စပါတာပရပ်ဂ် ၁-၁ FCSB |
| ၁၄-၈-၂၀၂၄ နံနက် ၀၁း၁၅ နာရီ | ရိမ်းဂျားစ်(စကော့တလန်) - ဒိုင်နမိုကိယက်(ယူကရိန်း) | ဒိုင်နမိုကိယက် ၁-၁ ရိမ်းဂျားစ် |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရှေးဟောင်းသမိုင်းဝင်သိမ်ကျောင်းများအား သွားရောက်ကြည့်ရှု

**မန္တလေး ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင်သိမ်ကျောင်းများအား သွားရောက်ကြည့်ရှုခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ရှိ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးသို့ ရောက်ရှိပြီး မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီး၏ ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တထုတိဝရ ဆရာတော်ကြီးအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရွှေကျင်တိုက်မအတွင်း ၁၂၂၂ ခုနှစ်၊ ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး သမုတ်တော်မူခဲ့၍ ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး ဆောက်လုပ်လှူဒါန်းခဲ့သော မဟာဓမ္မိကာရာမ၊ ရွှေကျင်တိုက်မ၊ သိမ်တော်ကြီးအား ရှေးမူမပျက် ပြန်လည်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဩဝါဒများခံယူခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မ သိမ်တော်ကြီးသို့သွားရောက်ပြီး သိမ်တော်ကြီးတွင် ကိန်းဝပ်အပူဇော်ခံထားရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကာ ရောင်ခြည်တော်ဖွင့်ပူဇော်၍ ရှေးမူမပျက်ပြန်လည်မွမ်းမံပြင်ဆင်နေမှုများနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ် ပရဝဏ်အတွင်းရှိ နှစ်ပေါင်း ၁၆၅ နှစ်ကျော်ရှိပြီဖြစ်သော စီးတော်မြင်းဝန် သိမ်ကျောင်းနှင့် ဗန်းမော်သိမ်ကျောင်းများသို့ ရောက်ရှိပြီး သိမ်ကျောင်းများအတွင်း ကိန်းဝပ်အပူဇော်ခံထားရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော် ကြည်ညို၍ ရောင်ခြည်တော်များဖွင့် ပူဇော်ပြီး သိမ်ကျောင်းများအတွင်း လှည့်လည်ကြည့်ရှုကြရာ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်၊ သမိုင်းပါမောက္ခ(ဌာနမှူး)နှင့်တာဝန်ရှိသူများက မင်းတုန်းမင်းတရားကြီးသည် အမရပူရ ရွှေမြို့တော်မှ မန္တလေးရွှေမြို့တော်သို့ ပြောင်းရွှေ့ရာတွင် ဆီးဘန်နီကျောင်းတိုက်၊ စီးတော်မြင်းဝန်ကျောင်းတိုက်နှင့် ဗန်းမော်ကျောင်းတိုက်တို့ကို ၁၈၅၇ ခုနှစ်က ပြောင်းရွှေ့ဆောက်လုပ်လှူဒါန်းခဲ့ခြင်းနှင့်အတူ သိမ်းကျောင်းကိုတစ်ပြိုင်တည်း သမုတ်တော်မူခဲ့ပါကြောင်း၊ ၁၉၁၈ ခုနှစ် အင်္ဂလိပ်လက်ထက်တွင် မန္တလေးတက္ကသိုလ် ပရဝဏ်အတွင်းမှ ကျောင်းတိုက်များ ရွှေ့ပြောင်းခြင်းခံရသည့်အခါ ဆီးဘန်နီသိမ်မှာ ကျောင်းပြောင်းရွှေ့ကတည်းကပင် တစ်ပါတည်း သိမ်နုတ်သွားခဲ့ပြီး စီးတော်မြင်းဝန်သိမ်နှင့် ဗန်းမော်သိမ်တို့ သိမ်နုတ်သွားခြင်းမပြုဘဲ မူလလက်ရာအတိုင်း ကျန်ရှိခဲ့ပါကြောင်း၊ ဗန်းမော်သိမ်တွင် ဦးနန္ဒိမာ အရိုးအိုးဘုရား၊ ဗန်းမော်ဝန်၏ အရိုးအိုးစေတီငယ်နှင့် အရိုးအိုးဘုရားကျောက်စာတို့သာ ကျန်ရှိခဲ့ပါကြောင်းတို့ကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သိမ်ကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ရှေးမူမပျက်တည်ရှိရေးတို့အတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်အား ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက မန္တလေးတက္ကသိုလ်သမိုင်းကြောင်းနှင့်ပတ်သက်၍ ၁၉၂၁ ခုနှစ် ဩဂုတ်လတွင် လယ်ယာစိုက်ပျိုးရေး သိပ္ပံကျောင်းကို စတင်တည်ထောင်ခဲ့ပြီး ၁၉၂၄ ခုနှစ် ဒီဇင်ဘာလတွင် သိပ္ပံကျောင်းကြီးအဖြစ်လည်းကောင်း၊ ၁၉၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် မန္တလေးဥပစာကောလိပ်အဖြစ်လည်းကောင်း၊ ထိုမှ မန္တလေးသီးခြားတက္ကသိုလ်အဖြစ်လည်းကောင်း၊ မန္တလေးတက္ကသိုလ်အဖြစ်လည်းကောင်း အဆင့်ဆင့်ပြောင်းလဲဖွင့်လှစ်ခဲ့ရာ ၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် မန္တလေးတက္ကသိုလ်မှာ နှစ် ၁၀၀ ပြည့်ပြီဖြစ်ပါကြောင်းနှင့် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနားအား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**













# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မြို့တော်ခန်းမတွင် ကျင်းပသည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**မန္တလေး ဩဂုတ် ၁၂**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ မြို့တော်ခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာမန္တလေးတိုင်းဒေသကြီးလူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ၊ ဆုရရှိသော အားကစားသမားများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအဖွင့်အမှာစကားပြောကြားရာတွင် အနာဂတ်၏ နိုင်ငံ့သားကောင်းလူငယ်မောင်မယ်များဖြစ်ကြသည်နှင့်အညီ နိုင်ငံတော်နှင့် မိဘ၊ ဆရာတို့၏ ပံ့ပိုးညွှန်ပြမှုဖြင့် စိတ်ဓာတ်၊ ခံယူချက်၊ အရည်အချင်းပြည့်ဝပြီး အများအကျိုးစွမ်းစွမ်းတမံ သယ်ပိုးနိုင်သူများဖြစ်အောင်၊ ရည်မှန်းချက်အနာဂတ်များကို ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်ချက်ချပြီး ဗလငါတန်းနှင့် ပြည့်စုံသူများဖြစ်အောင် အားမာန်အပြည့်ဖြင့် ကြိုးစားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူငယ်များနေ့အထိမ်းအမှတ်ပြိုင်ပွဲများနှင့် ဟောပြောပွဲများမှ ထူးချွန်လူငယ်များအား ဂုဏ်ပြုဆုများချီးမြှင့်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တက္ကသိုလ်အဆင့် အင်္ဂလိပ်စကားပြော စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသော မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ မောင်မြတ်မင်းခန့်၊ ဒုတိယဆုရရှိသောရတနာပုံတက္ကသိုလ်မှ မောင်လမင်းထင်နှင့် တတိယဆုရရှိသော မန္တလေးတက္ကသိုလ်မှ မစုမြတ်ဝတီအောင်တို့အား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပြီးနောက် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက လူငယ်များနေ့အထိမ်းအမှတ်ပြိုင်ပွဲများနှင့် ဟောပြောပွဲများမှ ထူးချွန်လူငယ်များကို ဂုဏ်ပြုဆုများကိုလည်းကောင်း၊ တက္ကသိုလ်များတွင် လူငယ်စကားဝိုင်းများ၊ ဟောပြောပွဲများပြုလုပ်ခဲ့သည့် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့အား ဂုဏ်ပြုငွေများကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video clip ပြသခြင်း၊ ကျောင်းသား၊ ကျောင်းသူများက လူငယ်ဂုဏ်ပြုတေးသီချင်းများ၊ တိုင်းရင်းသားယဉ်ကျေးမှု အကများ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြောင်းနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးပြီး ရင်းနှီးစွာလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





















သတင်း စာမျက်နှာ-၁၂



သတင်း စာမျက်နှာ-၁၂



သတင်း စာမျက်နှာ-၁၃









# အင်ဂျင်စွမ်းအားသုံး(၆)တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ

**မြစ်သား ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် လယ်ယာသုံး စက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုလာစေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်နိုင်ရေး၊ လုပ်သားအင်အား ကုန်ကျမှု ပြဿနာဖြေရှင်းပေးနိုင်ရေး၊ အချိန်တိုအတွင်း စိုက်ဧကများစွာကို ထွန်ယက်စိုက်ပျိုးနိုင်ခြင်းနှင့် စပါးအထွက်နှုန်းကောင်းမွန်စေခြင်း စသည့် ကောင်းကျိုးများစွာရရှိစေရန် ရည်ရွယ်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၄-၂၀၂၅ခုနှစ် အင်ဂျင်စွမ်းအားသုံး(၆)တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက မြစ်သားမြို့နယ်၊ ကျွန်းလှကျေးရွာ၊ ကွင်း အမှတ်(၄၃၁၊ဆ)၊ ဦးပိုင်အမှတ်(၇၆၊၁) ရှိ ဒေသခံတောင်သူ ဦးလွှမ်းမောင်၏ လယ်မြေ ၂ဒသမ၅၀ ဧက အတွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ သရုပ်ပြပွဲတွင် အင်ဂျင်စွမ်းအားသုံး (၆)တန်းသွား လက်ဆွဲကောက်စိုက်စက် အသုံးပြု၍ စိုက်ပျိုးရာတွင် စိုက်ခင်း လယ်မျက်နှာပြင် ညီညာရန် လိုအပ်ခြင်း၊ ပျိုးခင်းအတွက် နေရာအနည်းငယ်သာလိုအပ်ခြင်း၊ မျိုးစေ့နှုန်းထားအနည်းငယ်ဖြင့် စပါးအထွက်နှုန်း ကောင်းမွန်စေခြင်း၊ကောက်ကွက်နှင့် ကောက်ပင်လှန်မြန်ခြင်းနှင့် ပင်ပွားအရေအတွက်များများရရှိခြင်း၊ တစ်ဧက ကောက်ကွက် ပြည့်မီခြင်း၊ အချိန်တိုအတွင်း ဧကများစွာ စိုက်ပျိုးနိုင်ခြင်း၊ ရာသီဥတု ပြောင်းလဲလာသည့်တို့တွင် အချိန်အခါမီ စိုက်ပျိုးနိုင်ခြင်းနှင့် အင်ဂျင်စွမ်းအားသုံး(၆)တန်းသွား လက်ဆွဲကောက်စိုက်စက်၏ စက်မှုပိုင်းဆိုင်ရာ အချက်အလက်များကို တာဝန်ရှိသူတစ်ဦးက အသေးစိတ်ရှင်းလင်း ပြောကြားခဲ့သည်။

အင်ဂျင်စွမ်းအားသုံး (၆)တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးသရုပ်ပြပွဲသို့ အင်ကုန်စက်မှုလယ်ယာစက်ရုံနယ်မြေမှ စက်ရုံမှူး၊အလုပ်ရုံမှူးများ၊ ကျောက်ဆည်ခရိုင် စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ဝင်များ၊ မြစ်သားမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရိုန်သူ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ဝင်များ၊ကျောက်ဆည်ခရိုင်အတွင်းရှိ စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှဝန်ထမ်းများနှင့် ကျေးရွာ(၅)ရွာမှ ဒေသခံတောင်သူများ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုစိုက်ပျိုးခဲ့ကြောင်းသိရသည်။

**သီတာအောင်(မြစ်သား)**

ဝ-ဝ-ဝ-ဝ-ဝ



# စာကြည့်တိုက်များဆောက်လုပ်မှုအား ကွင်းဆင်းကြည့်ရှု



**မင်းဘူး ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာကြည့်တိုက်ဆောက်လုပ်ခြင်း လုပ်ငန်းအား ယမန်နေ့ နံနက် ၁၀နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်၊ ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါစာကြည့်တိုက်များဆောက်လုပ်သည့်နေရာမှာ စကုမြို့ အမှတ်(၁)ရှမ်းစုရပ်ကွက် ဦးပိုင်အမှတ်(၉၀/၉၁)အကွက်အမှတ်(B1-ရှမ်းစု) ဧရိယာ ဝ ဒသမ ဝ၄ဧကနှင့် ပင်လယ်သက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှေ့မှ ကျေးလက် စာကြည့်တိုက်များဖြစ်ကြောင်း သိရသည်။(၅၀၄)

# စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ



**ရေနံချောင်း ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာပေချစ်မြတ်နိုးသူများအသင်း (Book Club) စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၀ ရက် နံနက် ၁၀နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Center) ခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်း ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးသိန်းမောင်(နွေဦးမွန်)နှင့် အသင်းဝင်များ၊ စာပေဝါသနာရှင်များ တက်ရောက်ကာ စာရေးဆရာခင်မောင်အေး(နှလုံး)ရေးသားသည့် လူရယ်လို့ ဖြစ်လာလျှင် စာအုပ်ကို ဖတ်ရှုခဲ့ကာ စာအုပ်ပါအကြောင်းအရာများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ တက်ရောက်လာသည့် စာပေဝါသနာရှင်များက ၎င်းတို့ကိုယ်တိုင် ရေးသားထားသည့် စာပေ၊ ကဗျာများကို ရွတ်ဖတ်ကာ လိုအပ်သည်များကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာဖတ်ရှိန်မြှင့်တင်ရေးနံရံကပ်စာစောင်၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီး ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်များကို တက်ရောက်လာသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၇၂)

*-*-*-*-*



## ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ရှိန်မြှင့်တင်ရေးစာအုပ်ပြပွဲ ကျင်းပ

**မြို့သစ် ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက စာဖတ်ရှိန်မြှင့်တင်ရေးစာအုပ်ပြပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းအိဖွန်က စာအုပ်ပြပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး စာအုပ်ပြပွဲကို ဆက်လက်ကျင်းပရာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက အသိပညာပေး စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါ စာအုပ်ပြပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကျောင်းသား၊ကျောင်းသူ ၃၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)




## စာရေးဆရာ မင်းလပြည့်(ဟားခါး)ရေးသားသည့် ရွှေရောင်နာရီတစ်လုံးနှင့် အခြားဝတ္ထုတိုများ စာအုပ်ထွက်ရှိ

**မန္တလေး ဩဂုတ် ၁၂**

စာရေးဆရာ မင်းလပြည့်(ဟားခါး)၏ ရွှေရောင်နာရီတစ်လုံးနှင့် အခြားဝတ္ထုတိုများ စာအုပ် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ပထမအကြိမ်အဖြစ် ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ ထွက်ရှိလာသည်။

အဆိုပါ စာအုပ်တွင် စာရေးသူ၏ ကိုယ်ရေးအကျဉ်းနှင့် ဝတ္ထုတို ၂၁ ပုဒ်ပါရှိသည်။ မျက်နှာဖုံးဒီဇိုင်းမှာ ကျော်ကျော်(နိုင်ငံ့ဂုဏ်ရည်)၏ လက်ရာဖြစ်သည်။

ဖြန့်ချိရေးအဖြစ် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်ကဖြန့်ချိပြီး စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။ စာအုပ်တန်ဖိုးမှာ ငွေကျပ် ၇၀၀၀ ဖြစ်သည်ဟု သိရသည်။

(အောက်ပုံ)

(၀၅၀)




ဖတ်စရာ၊ မှတ်စရာ
စုံလင်
ပန္နလေး

## စခန်းသာပြီ တို့ရွာဆီ

* ဝဿန်မိုးဖွဲ စွေကာသဲ
ရစ်ခွင် စိမ်းမြဆဲ
သံသာငှက်တေး ဟစ်သီကြွေး
ရာသီပန်းတို့ ဖွေး ။

* စိုက်မယ် ပျိုးမယ် တို့မြေဝယ်
သီးနှံအသွယ်သွယ်
ဝေဖြာနုသစ် ပင်လုံးဝင့်
မြရည်လိမ်းကျန်ရစ် ။

* ရဂုံမြိုင်ဗွေ လျှိုမြောင်တွေ
ပွင့်ကြွေ လက်ပန်မြေ
ကောက်စိုက်သူမ ပန်ဆင်သ
ပန်းခရေနှင့် လှ ။

* ကျွဲနွားအုပ်တို့ သုတ်ခြေတင်
ဖွဲသန်သည့် လုလင်
ပူလောင်ပြင်းပြင်း ခါနွေကျင်း
ထနောင်း ရိပ်ခိုရင်း

* တို့ကျေးရွာကို လာလည်ချင်
ရှံခါ ကြုံမည်ထင်
မွေးခြံဝိုင်းတွေ့ စိုက်ခင်းပြည့်
ဆုံတိုင်း ဘယ်မမေ့ ။ ။

ကိုတင်ဖေ

## လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်း ဆွေးနွေးပွဲကျင်းပ

**ပခုက္ကူ ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာန(Community centre) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး စာရေးဆရာမ အသွင်ဆန်း(ပခုက္ကူ)က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းယုမော်က စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်း ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပခုက္ကူမြို့နယ် စာရေးဆရာအသင်းဝင် စာရေးဆရာအောင်ဝင်း(မျိုးချစ်သူ-ရေစကြို)က စာရေးဆရာတက္ကသိုလ်ဘုန်းနိုင်ရေးသား ထုတ်ဝေထားသော "သူ့ကျွန်မခံပြီ" စာအုပ်အကြောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် မြို့နယ်စာရေးဆရာအသင်းဝင် စာရေးဆရာ၊ ဆရာမများ၊ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာအုပ်ပါအကြောင်းအရာများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းကာ အပြန်အလှန် ဆွေးနွေးကြကြောင်း သိရသည်။

(အောက်ပုံ)

(၃၄၀)

*-*-*-*-*



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Salin Deyoun က ပါရီအိုလံပစ်ပြိုင်ပွဲတွင် ပြင်သစ်နာမည်ကြီးသီချင်းတစ်ပုဒ်ဖြင့် ဖျော်ဖြေ

ဘောလီဝုဒ်အနုပညာရှင် စလင်းဒီယွန်က ပါရီအိုလံပစ်ပြိုင်ပွဲတွင် ပြင်သစ်နာမည်ကြီးသီချင်းတစ်ပုဒ်နှင့် ဖျော်ဖြေသွား၍ ပရိသတ်အံ့အားတသင့် ဖြစ်ခဲ့ကြသည်ဟု ဟောလီဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။



စလင်းဒီယွန်သည် ကျန်းမာရေးကြောင့် လေးနှစ်တာ အနားယူနေပြီး အချိန်မရွေး ထဖောက်နိုင်သည့် ရောဂါဖြစ်ကာ စလင်းဒီယွန်က 'ဘယ်တော့မှ အရှုံးမပေးဘူး၊ မပြေးနိုင်ရင် လမ်းလျှောက်မယ်၊ လမ်းမလျှောက်နိုင်ရင် တွားသွားမယ်၊ တစ်နေ့ သီချင်းပြန်ဆိုနိုင်ရမယ်' ဟု ပြောစကားနှင့်အညီ လုပ်ဆောင်ခဲ့သည်။

တစ်ကမ္ဘာလုံး ကြည့်ရှုနေသည့် အိုလံပစ်ဖွင့်ပွဲတွင် အကောင်းဆုံး သီဆိုဖျော်ဖြေခဲ့ကာ သူ့ဆိုဟန်၊ သူ့အသံများမှာ ယခင်အတိုင်း နားထောင်ရင်း ကြက်သီးထမိခဲ့ကြရသည့် သူ၏သမ္မာနှင့် ဝါကို ပြသသွားခဲ့သည်။

မီဒီယာများကလည်း သူ့သတ္တိ၊ သူ့စိတ်ဓာတ်နှင့် သူ့ခိုင်မာမှု အကြောင်း ဝေဆာစွာ ဖော်ပြထားသည်။ (SKY)

## Lim Ji Yeon က ရုပ်ရှင်အသိုက်အဝန်းကြား ရေပန်းစား



နာမည်ကြီးရုပ်ရှင်မင်းသမီးများနှင့်တွဲဖက်၍ ရိုက်ကူးမှုများ ပြုလုပ်ခဲ့သော လင်ဂျီယွန်းကို ရုပ်ရှင်အသိုက်အဝန်းက Actress Collector ဟု ချစ်စနိုးခေါ်ဝေါ်ခဲ့ပြီး နာမည်ကျော်ကြားရေပန်းစားနေသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လင်ဂျီယွန်သည် ဆောင်းဟေကိုနှင့် The Glory၊ ကင်တေဟီးနှင့် Lies Hidden in my Garden၊ စီနီယာ ဂျွန်ဒိုယွမ်နှင့် Revolver ရုပ်ရှင်တို့တွင် တွဲဖက်သရုပ်ဆောင်ထား၍ ထိပ်တန်းစာရင်းဝင်များကို စုဆောင်းနေသူဟု စနောက်၍ Actress Collector ဟု ဆိုကြသည်။

အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ လင်ဂျီယွန်က အင်တာဗျူးတစ်ခုတွင် လင်ဂျီယွန်က ထိပ်တန်းမင်းသမီးများနှင့် အလုပ်တွဲလုပ်ရ၍ ပျော်ရွှင်မိသည်ဟု ပြောကြားသွားသည့်အတွက် ပရိသတ်များက လင်ဂျီယွန်၏ ရိုးသားမှုကို အချစ်ပိုနေကြသည်။ (SKY)

## Xiao Zhao စတူဒီယိုမှ အာရုံခံစားမှုအသုံးပြုပုံများ ထုတ်ပေးထား



တရုတ်အနုပညာရှင် ရှောင်းကျန့်၏ နိုင်ငံတကာခရီးသွားပုံရိပ်များကို အာရုံခံစားမှုအသုံးပြုထားသည့် ဓာတ်ပုံများ အသုံးပြု၍ စတူဒီယိုက ထုတ်ပေးထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရှောင်းကျန့်သည် အားလပ်ရက်ခရီးအဖြစ် နိုင်ငံအနှံ့ ခရီးသွားဗီဒီယိုရိုက်ကူးထားရာ ပထမပုံရိပ်တွင် ဂီဖယ်မျှော်စင်နှင့် ရှုခင်းများကို ပြသထားကာ နောက်ဆုံးအနီးကပ်မျက်လုံးပုံမှာ အမြင်အာရုံကို ညွှန်းဆိုထားသည့် E ကို တွေ့ရသည်။ ဒုတိယပုံရိပ်တွင် သောက်စရာရေတစ်ခွက်နှင့် ကော်ဖီ၊ ကားဟွန်းသံ၊ လူဆူညံသံ၊ ခေါင်းလောင်းမြည်သံနှင့် ကော်ဖီသောက်သံကို ကြားရကာ နားကို အနီးကပ်ရိုက်ပြထားသည်။ အကြားအာရုံကို ညွှန်းဆို၍ တစ်ကို တွေ့ရကာ တတိယပုံရိပ်တွင် ပန်းပုံထဲ၌ လာမင်ဒါပန်းခင်း(သို့) Peony ပန်း(သို့) ဆွတ်စလန်နိုင်ငံ၊ Ben မြို့မှ နှင်းဆီပန်းခြံဖြစ်လေမလားမသိသည့် အနံ့အာရုံနှင့်ပတ်သက်သည်ကို ပြသထားသည့်အတွက် လေးကို တွေ့ရသည်။

ရှောင်းကျန့်သည် အဆိုတော်၊ သရုပ်ဆောင်၊ ပန်းချီဆရာဖြစ်သကဲ့သို့ ဓာတ်ပုံရိုက်လည်း ဝါသနာပါ၍ စိတ်ခံစားချက်များကို ဓာတ်ပုံများတွင် ဖော်ပြလေ့ရှိသူဖြစ်ရာ ပုံများမှ E142 မှာ အဓိပ္ပာယ်များစွာ ရှိခဲ့သည်။ (SKY)

## Rangasthalam လှည့်ကွက်ကြားမှ ကျေးလက်ရုပ်ရှင်ဖြစ်




ဘောလီဝုဒ်ဒရမ်မာဇာတ်ကား Rangasthalam မှာလှည့်ကွက်များကြားမှ ကျေးလက်ရုပ်ရှင်တစ်ပုဒ်အဖြစ် အိန္ဒိယတောင်ပိုင်းတယ်လူဂူရုပ်ရှင်ဖြစ်သည်ဟု ဘောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အိန္ဒိယတောင်ပိုင်း Telugu ခေါ် တမီးလ်ဇာတ်ကားများ အဆင့်အတန်းမြင့်မားစွာ ထွက်ရှိလာရာဖြစ်ပြီး Ram Charan ဒါရိုက်တာ ဆူကူမား၏လက်ရာဖြစ်ပြီး ၁၉၈၀ ပြည့်နှစ် ကျေးရွာတစ်ရွာကို ဇာတ်အိမ်တည်ရိုက်ကူးထားသည်။ အဆိုပါ ကျေးရွာတွင် အာဏာကြီးစိုးနေသော အုပ်ချုပ်သူနှင့် နားထိုင်း၍ တောက်တိုမယ်ရလုပ်ကိုင်ရင်း အစ်ကို မြို့ကျောင်းတက်နေသူကို ထောက်ပံ့ပေးသည့် ညီတို့ ဇာတ်လမ်းဖြစ်ကာ စိတ်ဝင်စားဖွယ်တင်ပြထားသည်။

ဒါရိုက်တာ ဆူကူမား၏ အကောင်းဆုံးလက်ရာဖြစ်ပြီး သရုပ်ဆောင် ရမ်ချာရမ်၏ ဇာတ်ကောင်ရုပ်ကို ပို၍သဘောကျခဲ့ကြသည်။ (SKY)

## 2NE1 မှ Park Bom ပရိသတ်ရှေ့ ထွက်ပေါ်လာ



တူးအင်န်အီးဝမ်းအဖွဲ့ဝင်လေးဦးတွင် တစ်ဦးဖြစ်သည့် ပတ်ဘွန်းသည် ပရိသတ်ရှေ့သို့ ထွက်ပေါ်လာ၍ ပရိသတ်စိတ်ဝင်တစားဖြစ်ခဲ့ကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပတ်ဘွန်းသည် အဖွဲ့ ပြိုကွဲခဲ့ပြီးနောက် ကျန်းမာရေးအတွက် အနုပညာလုပ်ငန်းများ အနားယူထားကာ ပရိသတ်ရှေ့မှ ပျောက်ကွယ်နေရာမှ တူးအင်န်အီးဝမ်း ဂီတပွဲအတွက် ပရိသတ်ရှေ့ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ပတ်ဘွန်းကို အဖွဲ့ဝင် ညီအစ်မများသာမက ပရိသတ်များကပါ မှတ်ချက်ကောင်းများ ပေး၍ အားပေးထားကြပြီး ပြန်ရောက်လာမည့် ဂီတပွဲအတွက် အစွမ်းကုန် ကြိုးစားပြင်ဆင်နေသည်။ (SKY)

* * * * *

## အသက်ကြီးသူများ၏ မှတ်ဉာဏ်ကောင်းစေရန် ဟစ္စတုန်းဒီယာစီတိုင်လတ်စ် ၃ အင်ဇိုင်းကို ပိတ်ရမည်



အင်ဇိုင်းဆိုသည်မှာ ဆဲလ်အတွင်း တွေ့ရသော ပရိုတိန်းအမျိုးအစား တစ်မျိုးဖြစ်သည်။ အင်ဇိုင်းများက လူ့ကိုယ်ခန္ဓာထဲရှိ ဓာတုဓာတ်ပြုခြင်းများကို လုပ်ဆောင်သည့်သဘာဝရှိသည်။ ကြွက်သားများ တည်ဆောက်ပေးခြင်း၊ အဆိပ်အတောက်များကို ခြေဖျက်ပေးခြင်း၊ အစာစားပြီး အစာခြေပေးခြင်း စသော အရေးကြီးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြသည်။

ထိုအင်ဇိုင်းများက လူ့ဦးနှောက်မှတ်ဉာဏ်အပေါ် သက်ရောက်ပုံအကြောင်း အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားပြည်နယ်ရှိ ဇီဝဗေဒ လက်ထောက်ပါမောက္ခ ဂျုနင်းကွာပစ် ဦးဆောင်သော ပညာရှင်များ မကြာသေးမီက လေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ဟစ္စတုန်းဒီယာစီတိုင်လတ်စ် ၃ အင်ဇိုင်း၏ထူးခြားချက်ကို တွေ့ရှိခဲ့ကြသည်။ ယင်းတွေ့ရှိချက်မှာ အထူးသဖြင့် ဦးနှောက်၏မှတ်ဉာဏ်ကို ထိုအင်ဇိုင်းက နှောင့်ယှက်နေသည်ဆိုသော အချက်ပင် ဖြစ်သည်။

အသက်ငယ်ရွယ်စဉ်က မသိသာသော်လည်း အသက်ကြီးလာလျှင် မှတ်ဉာဏ်ချွတ်ယွင်းသွားလေ့ရှိရာ အသက်ကြီးသူများ၏မှတ်ဉာဏ်ကောင်းစေရန် ဟစ္စတုန်းဒီယာစီတိုင်လတ်စ် ၃ အင်ဇိုင်းကို ပိတ်ပစ်ရမည်ဟု လက်ထောက်ပါမောက္ခ ဂျုနင်းကွာပစ်က ရှင်းလင်းပြောကြားသည်။ (SCI)

## Byeon Woo-seok ၏ လုံခြုံရေးကုမ္ပဏီကို လေဆိပ်မှ အရေးယူထား




တောင်ကိုရီးယားသရုပ်ဆောင် ဗြောင်ဝူဆွတ်ကို လုံခြုံရေးယူထားသည့် ကုမ္ပဏီအား အင်ချွန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အရေးယူခံထားရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အရေးယူမှုမှာ ဗြောင်ဝူဆွတ် လေဆိပ်ဆင်းချိန် လုံခြုံရေးခန့်ထားသည့်ကုမ္ပဏီမှ ဝန်ထမ်းများ၏ လွန်ကဲသောအပြုအမူကြောင့် လေဆိပ်နှင့် အခြားခရီးသွားများ၏ ပုဂ္ဂိုလ်ရေးထိခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့်ဟု ဆိုသည်။

နာမည်ကျော်ကြားလာသော ဗြောင်ဝူဆွတ် လေဆိပ်ဆင်းချိန်တွင် ပရိသတ်များစွာ စောင့်ကြိုနေကြရာ လုံခြုံရေးများက လေဆိပ်တံခါးများကို ခွင့်မတောင်းဘဲ ပိတ်ခြင်း၊ ခရီးသွားများ၏ပတ်စ်ပို့ကို စစ်ဆေးခြင်းများ ပြုလုပ်ခဲ့သဖြင့် တရားစွဲခြင်း ဖြစ်သည်။

အများပြည်သူပိုင်နေရာများ ပိတ်ပင်ခြင်း၊ ခရီးသွားများ၏ ကိုယ်ရေးအချက်ကြည့်ခြင်းတို့မှာ ဥပဒေနှင့်ငြိစွန်း၍ ဗြောင်ဝူဆွတ်၏ အေဂျင်စီက လက်ရှိဖြစ်စဉ်အတွက် တောင်းပန်၍ လုံခြုံရေးကုမ္ပဏီနှင့် လက်တွဲဖြုတ်ခဲ့သည်။ (SKY)

# မန္တလေးသာသနာ့တက္ကသိုလ်

ယနေ့ကာလ မြန်မာနိုင်ငံဒေသအသီးသီးတွင် သီတဂူဗုဒ္ဓတက္ကသိုလ်များ၊ ပန်းတစ်ပွင့်တောင် ဗုဒ္ဓတက္ကသိုလ်၊ ပညာဘူမိတက္ကသိုလ်၊ ဆေကိန္ဒာရာမတက္ကသိုလ်၊ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်စသည်ဖြင့် တက္ကသိုလ်အသီးသီးပေါ်ပေါက်လာခြင်းသည် ဗုဒ္ဓမြတ်စွာသာသနာတော်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကြရမည့် သာသနာပြုလုပ်ငန်းကြီး ဖြစ်ပါသည်။ မန္တလေးသာသနာ့တက္ကသိုလ်ဆိုသည်မှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတို့၏ ကြီးကြပ်ထောက်ပံ့စောင့်ရှောက်မှုအောက်တွင်ရှိသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ကို ဆိုလိုပါသည်။

မန္တလေးသာသနာ့တက္ကသိုလ်ကို (၁၇-၁၂-၁၉၈၂)ခုနှစ်မှာ မြေသန့်မင်္ဂလာပြုလုပ်ခဲ့ပြီး အဆောက်အအုံအသီးသီးဆောက်လုပ်ကာ ၂၁-၈-၁၉၈၆ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်၍ ယခုနှစ်တွင် ၃၈ နှစ်အတွင်း ရောက်ရှိလာပြီ ဖြစ်ပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် သာသနာ့တက္ကသိုလ်ကြီးတစ်ခုစီ တည်ထောင်ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နိုင်ငံတော်မဟာသံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် တိပိဋကရေဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီးကို တာဝန်လွှဲအပ်ခဲ့ကြပါသည်။

ရန်ကုန်နှင့် မန္တလေးတွင် သာသနာ့တက္ကသိုလ်ကြီးများ ထူထောင်ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ မင်းကွန်းဆရာတော်ဘုရားကြီးသည် မြေနေရာရရှိရေးမှအစပြု၍ လိုအပ်သော အဆောက်အအုံများအလှူခံဆောက်လုပ်ရေး၊ ဆွမ်း၊ ကွမ်းဝေယျာဝစ္စများမှစ၍ ပြည့်စုံအောင် မြန်မာနိုင်ငံအတွင်း လှည့်လည်အလှူခံဆောင်ရွက်တော်မူခဲ့ပါသည်။ တက္ကသိုလ်ကြီးများ ထူထောင်ရာတွင် မင်းကွန်းဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာ ဩဝါဒတော်ကို မှတ်သားရပါသည်။



- ဆောက်လုပ်ပြီး ကျောင်းများကို ပရိယတ္တိသာသနာတော်အား ရေစက်ချလှူဒါန်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ဂေါပကရက္ခကအဖြစ် လွှဲအပ်လှူဒါန်းပါ။
- ကျောင်းဆောင်များ ဆောက်လုပ်ရေးအလှူခံရာတွင် လူတိုင်းလူတိုင်း ဒါယကာဖြစ်ပါစေ၊ မပင်ပန်းသော အလှူဒါနဖြစ်ပါစေ၊ သားစဉ်မြေးဆက်သာသနာ့အမွေ ဆောင်ရွက်နိုင်ပါစေ။
- သာသနာ့တက္ကသိုလ် တက်ရောက်ခွင့်ရရှိသော သောတုဇန စာသင်သံဃာများကို တက္ကသိုလ်နှင့်လျော်ညီစွာ ကိုယ်ပိုင်အခန်းများတွင် သီတင်းသုံးနေထိုင်စေရန်။
- သောတုဇနစာသင်သံဃာများ ပရိယတ္တိစာပေသင်ကြားရေးကိုသာ နှလုံးသွင်းဆောင်ရွက်ရန်အတွက် ဆွမ်းခံစရာမလိုအောင် စီမံဆောင်ရွက်ပေးရန်။
- ဥပဋ္ဌာကအဖွဲ့အနေဖြင့် ရာသက်ပန်ဆွမ်းပဒေသာပင်အလှူရှင်များ ဖိတ်ခေါ်၍ နှစ်စဉ်အတိုး၊ အညွန့်နှင့် ဆွမ်း၊ ကွမ်းကိစ္စပြည့်စုံအောင် ဆောင်ရွက်ရန်။

မင်းကွန်းဆရာတော်ကြီးသည် မန္တလေးသာသနာ့တက္ကသိုလ်အတွက် မြေနေရာရှာဖွေရာတွင် အတုမရှိကျောင်းတော်ကြီး၏ အရှေ့ဘက်ရှိ ၁၆ ဧက ကျယ်ဝန်းသော မဟာဝိဇယပုညမှန်ကျောင်းနေရာကို ရရှိခဲ့ပါသည်။ ထိုနေရာတွင် လိုအပ်သော အဆောက်အအုံများဆောက်လုပ်ခဲ့ပြီး ၂၁-၈-၁၉၈၆ ရက်တွင် တက္ကသိုလ်ကို သင်ကြားရေးဆရာတော် ၁၉ ပါး၊ စာသင်သံဃာ ၃၇ ပါးတို့ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ထိုစဉ်ကာလ ဆွမ်း၊ ကွမ်းဝေယျာဝစ္စနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စများကို ဥပဋ္ဌာကအဖွဲ့ ဒါယကာများက ၁၅-၇-၁၉၉၂ အထိ စီမံဆောင်ရွက်ခဲ့ကြပါသည်။

မင်းကွန်းဆရာတော်ဘုရားကြီးသည် ရန်ကုန်နှင့် မန္တလေးသာသနာ့တက္ကသိုလ်ကြီး ၂ ခု ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်ကို နိုင်ငံတော်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရန် ၁၃-၃-၁၉၉၂ ရက်တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော်သံဃနာယကအဖွဲ့ ၄၇ ပါး စုံညီ သတ္တမအစည်းအဝေးတွင် မိန့်ကြားတော်မူခဲ့သည်။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ဘုန်းမြင့်က လွှဲပြောင်းလက်ခံပါမည့်အကြောင်း ပြန်လည်လျှောက်ထားခဲ့ပါသည်။ ၁၅-၇-၁၉၉၂ တွင် မန္တလေးသာသနာ့တက္ကသိုလ်နှင့် ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး၏ ပစ္စည်းအရပ်ရပ်လွှဲပြောင်းအပ်နှံသည့် အခမ်းအနားသို့ တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည်နှင့် သာသနာရေးဝန်ကြီးဗိုလ်ချုပ် မျိုးညွန့် တက်ရောက်ခဲ့ပါသည်။ ဗိုလ်ချုပ်မျိုးညွန့်က ပစ္စည်းအရပ်ရပ်ကို လက်ခံရယူပြီး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးခေါင်းဆောင်သော ဝန်ထမ်းအဖွဲ့က ဆွမ်း၊ ကွမ်း ဝေယျာဝစ္စနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စများ စီမံဆောင်ရွက်လာခြင်း ဖြစ်ပါသည်။

သာသနာ့တက္ကသိုလ်တက်ရောက်ခွင့်ရရှိရေးအတွက် အစိုးရပထမကြီးတန်းအောင်မြင်ပြီး သက်တော် ၃၀ရှိ ရဟန်းသာမဏေများ လျှောက်ထားခွင့်ရှိပြီး ရေး၊ ဖြေ၊ လူတွေ့ အောင်မြင်ပြီးသူများသာ ပထမ နှစ်တက်ရောက်ခွင့်ရှိပါသည်။ တက္ကသိုလ်တွင် သင်ကြားသည့်ဘာသာ ရပ်များမှာ ဝိနယဘာသာ၊ သုတ္တန္တဘာသာ၊ အဘိဓမ္မာဘာသာ၊ ပိဋကတ်ဆိုင်ရာ ပါဠိဘာသာ၊ ပိဋကတ်ဆိုင်ရာ မြန်မာဘာသာ၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဘာသာနှင့် ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဘာသာဟူ၍ ဘာသာရပ် (၇)ခု ရှိရပါသည်။

တက္ကသိုလ်တွင် တက်ရောက်နေသော စာသင်သံဃာတော်များအနက် စတုတ္ထနှစ်တက်ရောက်နေသည့် စာသင်သံဃာတော်များသည် အတန်းတင်စာမေးပွဲဖြေဆိုပြီးချိန်တွင် ၁၀ ရက် ဝိပဿနာတရား အားထုတ်ရပါသည်။ စိန်ပန်းမဟာစည်သာသနာ့ရိပ်သာဆရာတော် ဦးပညာဝံသ ကြွရောက်၍ တရားဟော၊ တရားပြ၊ တရားစစ်ကိစ္စများ ဆောင်ရွက်ပေးတော်မူပါသည်။ မဟာဓမ္မာစရိယကျမ်းပြု ရောက်လာသော စာသင်သံဃာများသည် စိန်ပန်းမဟာစည်ရိပ်သာသို့ ကြွရောက်၍ ၄၅ ရက် တရားအားထုတ်ရပါသည်။

တက္ကသိုလ်တွင် သာသနာ့တက္ကသီလဓမ္မာစရိယတန်း(စတုတ္ထနှစ်)နှင့် သာသနာ့တက္ကသီလ မဟာဓမ္မာစရိယတန်း(ပထမနှစ်၊ ဒုတိယနှစ်) စာသင်သံဃာတော်များသည် နယ်စပ်ဒေသနှင့် တောင်တန်းဒေသများသို့ သာသနာပြုရာတွင် လုပ်ငန်းဆောင်ရွက်ရန် ကျန်းမာရေးကိစ္စများ အဆင်ပြေစွာဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်မှ သင်ကြားပို့ချပေးသည့် တိုင်းရင်းဆေးပညာအခြေခံနှင့် တိုင်းရင်းဆေးဖြင့် ပဏာမစောင့်ရှောက်မှုသင်တန်းကို တစ်လတက်ရောက်သင်ကြားရပါသည်။ ထို့အပြင် တက္ကသိုလ်တတိယနှစ် စာသင်သံဃာတော်များသည် ၂၀၀၇ ခုနှစ်မှစ၍ ညနေ ၄ နာရီမှ ၆ နာရီအထိ တစ်နေ့ ၂ နာရီ ကွန်ပျူတာအလုံး ၃၀ ဖြင့် ကွန်ပျူတာသင်တန်းတက်ရောက်စေလျက်ရှိပါသည်။



သာသနာ့တက္ကသိုလ်တွင် သာသနတက္ကသီလ ဓမ္မစရိယ ၄ နှစ်သင်တန်းအောင်မြင်ပြီးနောက် ၁၀ ရက် တရားစခန်းဝင်ထား၍ တိုင်းရင်းဆေး တစ်လသင်တန်းတက်ရောက်ပြီးသည့် သံဃာတော်များသည် လည်းကောင်း၊ မဟာဓမ္မာစရိယတန်း ၂ နှစ်သင်တန်းအောင်မြင်၍ ၄၅ ရက် ပဋိပတ္တိလုပ်ငန်းအားထုတ်ပြီးသည့် စာသင်သံဃာတော်များသည်လည်းကောင်း၊ နယ်စပ်ဒေသတောင်တန်းဒေသများသို့ ကြွရောက်၍ ၂ နှစ် သာသနာပြုကြရပါသည်။ စာသင်သံဃာတော်များသည် ထိုကဲ့သို့ သာသနာပြုလုပ်ငန်း ၂ နှစ်တာဝန်ထမ်းဆောင်ပြီးမှသာ ဘွဲ့တံဆိပ်ဆက်ကပ်ပါသည်။

မန္တလေးသာသနာ့တက္ကသိုလ်တွင် ၁၃၅၆ (၁၉၉၄)မှ (၁၃၈၅) (၂၀၂၃)အထိ ဂုဏ်ထူးဆောင်ဓမ္မပါရဂူ (D.litt) ဘွဲ့ရ ၃ ပါး၊ သာသနတက္ကသီလဓမ္မပါရဂူ (Ph.D Buddhism)ဘွဲ့ရ ၉ ပါး၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ (M.A Buddhism) ဘွဲ့ရ ၂၃၁ ပါး၊ သာသနတက္ကသီလဓမ္မာစရိယ (B.A Buddhism)ဘွဲ့ရ ၁၂၅၁ ပါး၊ စုစုပေါင်းဘွဲ့ရ သံဃာတော် ၁၄၉၄ ပါး ရှိပြီဖြစ်ကြောင်း သိရှိကြည်ညိုရပါသည်။

မန္တလေးသာသနာ့တက္ကသိုလ်မှ နယ်စပ်နှင့် တောင်တန်းဒေသသာသနာ့တာဝန်ထမ်းဆောင်ပြီး သံဃာတော် ၁၀၃၇ ပါးနှင့် တာဝန်ထမ်းဆောင်ဆဲ သံဃာတော် ၁၀၀ ပါးဖြစ်ကြောင်း သိရှိကြည်ညိုရပါသည်။ ပဋိပတ်လုပ်ငန်း ၁၀ ရက် တရားစခန်းဝင်ပြီး သံဃာတော် ၁၇၂၈ ပါးနှင့် ၄၅ ရက် တရားစခန်းဝင်ပြီး သံဃာတော် ၃၁၉ ပါးဖြစ်ကြောင်းကိုလည်းကောင်း၊ တိုင်းရင်းဆေး တစ်လသင်တန်းတက်ရောက်ပြီး သံဃာတော် ၁၂၈၆ ပါးနှင့် ကွန်ပျူတာသင်တန်းတက်ရောက်ပြီး သံဃာတော် ၁၀၇၄ ပါးဖြစ်ကြောင်းကိုလည်းကောင်း သိရှိကြည်ညိုရပါသည်။

မန္တလေးသာသနာ့တက္ကသိုလ်သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က (၁)ကိုယ်ကျင့်တရားပိုမိုကောင်းမွန်ရေး၊ (၂)ပိဋကတ်ကျမ်းဂန်နှံ့စပ်ရေး၊ (၃)ပါဠိဘာသာတတ်မြောက်ကျွမ်းကျင်ရေး၊ (၄)မြန်မာစာပေအရေးအသားတော်စေရေးဟူသော အခြေခံမူလေးချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါကြောင်း သိရှိကြည်ညိုရပါသည်။ ရှေးဆရာတော်ကြီးများက ဗုဒ္ဓသာသနာတော်တည်တံ့ပြန့်ပွားရေးအတွက် အမြော်အမြင်ကြီးစွာဖြင့် တည်ထောင်ဖွင့်လှစ်ခဲ့သော ဤမန္တလေးသာသနာ့တက္ကသိုလ်ကြီးသည် ယခု ၃၈ နှစ်မှသည် နောင်နှစ်ပေါင်းများစွာ ဆက်လက်အောင်မြင်ပါစေကြောင်း ဆန္ဒပြုဆုတောင်းလျက် ဂုဏ်ပြုရေးသားမှတ်တမ်းတင်အပ်ပါသည်။

ကိုးကား။ ။ ၂၅နှစ်ပြည့် ငွေရတုသမိုင်းမော်ကွန်းနှင့် ဌာနစု (၇)မှ အချက်အလက်များကို ကိုးကားပါသည်။

ခင်မောင်ဝင်း(သာသနာရေး)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ရွေးကောက်ပွဲနိုင်သော ရဝမ်ဒါသမ္မတပေါလ်ကာဂမီ စတုတ္ထအကြိမ်မြောက် သက်တမ်းစတင်ထမ်းဆောင်



**ကီဂါလီ ဩဂုတ် ၁၂**

ပေါလ်ကာဂမီအနေဖြင့် ရဝမ်ဒါသမ္မတအဖြစ် စတုတ္ထအကြိမ်မြောက် သက်တမ်းအတွက် ဩဂုတ် ၁၁ ရက်က စတင်တာဝန်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သောလတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ၉၉ ရာခိုင်နှုန်းကျော်နီးပါးဖြင့် ၎င်းအနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ပရိသတ် ၄၅၀၀၀ လက်ခံနိုင်သည့် ရဝန်ဒါမြို့တော် ကီဂါလီရှိ အားကစားကွင်းတွင် ၎င်း၏ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲကျင်းပရာ အာဖရိကတိုက်ရှိ အခြားနိုင်ငံများမှ သမ္မတနှင့်ကိုယ်စားလှယ်ထိပ်တန်းအရာရှိများ တက်ရောက်ချီးမြှင့်ခဲ့ကြသည်။

ငြိမ်းချမ်းရေး၊ အမျိုးသားအချုပ်အခြာ ထိန်းသိမ်းရေး၊ အမျိုးသားစည်းလုံးညီညွတ်မှု တည်ဆောက်ရေးတို့အတွက် ကြိုးပမ်းသွားမည်ဟု ကာဂမီက တရားသူကြီးချုပ် ဖောစတင်အန်တက်ဇီလို့ ရှေ့မှောက်တွင် ကတိသစ္စာပြုခဲ့သည်။

ဇူလိုင် ၁၅ ရက်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ကာဂမီ အနိုင်ရလိမ့်မည်ဟု မျှော်မှန်းမထားသော်လည်း မဲဆန္ဒရှင်အများစု၏ထောက်ခံမှုအရ သမ္မတအဖြစ် ထပ်မံရွေးကောက်ခံရခြင်းဖြစ်သည်။

အဆိုပါရွေးကောက်ပွဲတွင် ၎င်းအနေဖြင့် ရွေးကောက်ခွင့်ရှိသော ပြည်သူလူထု ၉၉ ဒသမ ၁၈ ရာခိုင်နှုန်းထံမှ ထောက်ခံမဲ ရရှိခဲ့ရာမှ နောက်ထပ် ၅ နှစ် ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## ရွေးကောက်ပွဲ၌ ဒေါ်နယ်လ်ထရမ့်ကို နိုင်မှဖြစ်မည်ဟု အမေရိကန်သမ္မတဂျိုးဘိုင်ဒင် ထပ်လောင်းပြောဆို



**ဝါရှင်တန် ဩဂုတ် ၁၂**

နိုဝင်ဘာ ၅ ရက်ရွေးကောက်ပွဲ၌ ဒေါ်နယ်လ်ထရမ့်ကို နိုင်မှဖြစ်မည်ဟု အမေရိကန်သမ္မတဂျိုးဘိုင်ဒင် ထပ်လောင်းပြောဆိုခဲ့ကြောင်း စီဘီအက်စ်သတင်းဌာနက ဖော်ပြသည်။

၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲဝင် ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြုသမ္မတလောင်းအဖြစ်မှ နုတ်ထွက်ပြီးနောက်ပိုင်း စီဘီအက်စ်သတင်းဌာနက ပထမဆုံးတွေ့ဆုံမေးမြန်းစဉ် အသက် ၈၁ နှစ်အရွယ် သမ္မတဂျိုးဘိုင်ဒင်က ယင်းကဲ့သို့ပြောဆိုခဲ့ခြင်း ဖြစ်သည်။

၎င်းနှင့် ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်တို့နှစ်ဦး စကားစစ်ထိုးပြီးနောက် လူထုအမြင်မဲဆန္ဒများကောက်ခံကြည့်ခဲ့ရာ ၎င်းဘက်မှ ထောက်ခံအားပေးမှုပမာဏလျော့နည်းနေခဲ့သည်။

သို့ရာတွင် ၎င်းက ဒုတိယသမ္မတကာမာလာဟဲရစ်ကို ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် လွှဲပြောင်းပေးခဲ့ပြီးနောက် ထရမ့်ဘက်ရှိ အားပေးထောက်ခံမှုလျော့နည်းကာ ဒီမိုကရက်တစ်ဘက်က အလေးသာလျက်ရှိသည်။

ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲအောင် မိမိစွမ်းဆောင်ပေးမည်ဟု အဆိုပါတွေ့ဆုံမေးမြန်းခန်းတွင် ဂျိုးဘိုင်ဒင်က ထည့်သွင်းပြောဆိုခဲ့ရာ အကယ်၍ ယင်းအပစ်အခတ်ရပ်စဲမှုဖြစ်မြောက်ခဲ့လျှင် ဒီမိုကရက်တစ်ပါတီဘက်မှ အားပေးထောက်ခံသူပိုများလာနိုင်ကြောင်း သိရသည်။ **Mon**



အကြားအာရုံချွတ်ယွင်းသောအလှမယ်များအနက် တောင်အာဖရိကအလှမယ်အဖြစ် အရွေးခံရသော နိုင်ဂျီးရီးယားနွယ်ဖွား မီယာလရုစ် ဩဂုတ် ၁၁ ရက်က သရဖူလက်ခံနေစဉ်။ **Mon**

## လန်ဒန်မြို့တစ်နေရာရှိ စိန့်ပေါလ်ဘုရားကျောင်းအနီး ဘန့်ဆီ၏ အနုပညာဖန်တီးမှုလက်ရာသစ် တွေ့ရှိရ

**လန်ဒန် ဩဂုတ် ၁၂**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်တစ်နေရာရှိ စိန့်ပေါလ်ဘုရားကျောင်းအနီး ရဲအစောင့်ချထားရာလေးထောင့်ပုံးမျက်နှာပြင်များပေါ်တွင် ဩဂုတ် ၁၁ ရက်နံနက်ပိုင်းက အလှငါးမွေးမြူရေးကန်နှင့် ထင်မှတ်မှားရလောက်သော ဆေးမှုတ်ပန်းချီလက်ရာကို တွေ့ရှိခဲ့ရသည်။

မိမိဖန်တီးထားသော လက်ရာဖြစ်ကြောင်း နာမည်ကျော်အနုပညာရှင်ဘန့်ဆီက အင်တာနက်လူမှုကွန်ရက်မှတစ်ဆင့် အတည်ပြုလိုက်ပြီးနောက် ၎င်း၏ပရိသတ်များ သွားရောက်ကြည့်ရှုနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။




ဘန့်ဆီအနေဖြင့် ဆိတ်၊ မျောက်၊ ဆင်၊ ဝံပုလွေ၊ ငှက်ကြီးဝန်ပိုနှင့် ကြောင်ပုံများကို တစ်ပတ်အတွင်း လန်ဒန်မြို့ရှိ တစ်နေရာစီတွင် ရေးဆွဲခဲ့ပြီးနောက် ထိုငါးကန်လက်ရာကို ဖန်တီးခဲ့ခြင်းဖြစ်သည်။

ထိုလက်ရာကို ပရိသတ်စဉ်ဆက်မပြတ် လာရောက်ကြည့်ရှုပြီး ဓာတ်ပုံရိုက်ယူခဲ့ကြရာ ကားလမ်းပေါ်တွင် မရပ်ရန် လုံခြုံရေးရဲအရာရှိများက ၎င်းတို့ကို ကန့်သတ် တားဆီးနေရသည်။

ယင်းအနုပညာလက်ရာကို ထိန်းသိမ်းရန် နည်းလမ်းများ စဉ်းစားနေသည်ဟု လန်ဒန်မြို့တော်စည်ပင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားကြောင်း သိရသည်။ **Mon**

0-0-0-0-0



## ပနားမားရှိ ပိတ်သိမ်းထားသောကြေးနီသတ္တုတွင်းမှ အန္တရာယ်ရှိသည့် ဓာတ်ငွေ့များ ထုတ်လွှတ်လျက်ရှိ

**ပနားမား ဩဂုတ် ၁၂**

ပနားမားနိုင်ငံရှိ ပိတ်သိမ်းထားသောကြေးနီသတ္တုတွင်းတစ်တွင်းမှ အန္တရာယ်ရှိသည့် ဓာတ်ငွေ့များ ထုတ်လွှတ်လျက်ရှိကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီသဖြင့် ပိတ်သိမ်းရမည်ဟု တရားရုံးကအမိန့်ချမှတ်သဖြင့် ထိုသတ္တုတွင်းကို အဆောတလျင် ပိတ်ပစ်ခဲ့ရသော်လည်း ဝန်ထမ်းအချို့တာဝန် ထမ်းဆောင်နေရဆဲဖြစ်သည်။

အဆိုပါဓာတ်ငွေ့များသည် ထိုဝန်ထမ်းများအတွက် ဘေးဖြစ်လာစေနိုင်သည်ဟု သက်ဆိုင်ရာက သတိပေးထားကြောင်း သိရသည်။ **Mon**

## ဩစတြေးလျနိုင်ငံ ဆိုင်းစ်မြို့ရှိ ဟိုတယ်ဝင်းထဲသို့ ရဟတ်ယာဉ်တစ်စင်းပျက်ကျ မောင်းသူသေဆုံး




**ကင်ဘာရာ ဩဂုတ် ၁၂**

ဩစတြေးလျနိုင်ငံ ကွင်းစ်လန်ပြည်နယ် ဆိုင်းစ်မြို့ရှိ ဟီလ်တန်ဟိုတယ်ဝင်းထဲသို့ ဩဂုတ် ၁၂ ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ မောင်းသူသေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုရဟတ်ယာဉ်သည် မိုးရွာနေသည့်အကြားတွင် မီးမဖွင့်ဘဲ ခပ်နိမ့်နိမ့်ပျံသန်းလာစဉ် ပျက်ကျသွားခြင်းဖြစ်ကြောင်း မျက်မြင်သက်သေတစ်ဦးက ရှင်းပြသည်။

ပျက်ကျမှုဖြစ်ပွားချိန်တွင် ဗုံးပေါက်ကွဲသလိုကျယ်လောင်သော အသံကြားလိုက်ရပြီး ရဟတ်ယာဉ်လည်း မီးလောင်သွားခဲ့ကြောင်း ထိုမျက်မြင်သက်သေက ပြောပြသည်။

အခင်းဖြစ်နေရာတွင် ဒဏ်ရာရခဲ့သည်ဟုယူဆရသည့် ဟိုတယ်မှ ဧည့်သည်များဖြစ်သော အသက် ၈၀ ကျော်အရွယ် အမျိုးသားတစ်ဦးနှင့် အသက် ၇၀ ကျော်အရွယ် အမျိုးသမီးတစ်ဦးကို ဆေးရုံပို့ခဲ့ရသည်။

နော့တ်လပ်စ်လေကြောင်းပျံသန်းရေးကုမ္ပဏီပိုင် ရဟတ်ယာဉ်ကို အခွင့်မရဘဲ မောင်းနှင်သွားစဉ်ထိုသို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ကုမ္ပဏီပြောခွင့်ရသူက ဆိုသည်။ **Mon**




## ပြင်သစ်နိုင်ငံဘက်မှ အင်္ဂလိပ်ရေလက်ကြားဖြတ်ကူးစဉ် နိုင်ငံကူးပြောင်းသူနှစ်ဦး သေဆုံးခဲ့ရသည်ဟု ဆို

**ပဲရစ် ဩဂုတ် ၁၂**

နိုင်ငံကူးပြောင်းသူများ ဩဂုတ် ၁၁ရက်က ပြင်သစ်နိုင်ငံဘက်မှ အင်္ဂလိပ်ရေလက်ကြားကို လှေတစ်စင်းဖြင့် ဖြတ်ကူးစဉ် လှေမှောက်ပြီး နှစ်ဦးသေဆုံးခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လှေမှောက်သွားသည်ကို တွေ့ရသဖြင့် ပြင်သစ်ကမ်းရိုးတန်းစောင့် တပ်ဖွဲ့ဝင်များက အချိန်မီသွားရောက်ကယ်ဆယ်ခဲ့ကြသည်။

နိုင်ငံကူးပြောင်းသူပေါင်း ၅၃ ဦးကို ကယ်ဆယ်နိုင်ခဲ့ရာ ၎င်းတို့အနက်မှ သတိမေ့နေသူနှစ်ဦးကို ဆေးရုံမပို့မီ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက် စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန် နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ ရှင်သန်ကိန်းအောင်းလာပြီး အမှန်နှင့် အမှား၊ အကောင်းနှင့် အဆိုးကို စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော ဥပဒေနှင့် စည်းကမ်းများကို လေးစားလိုက်နာပြီး စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန် လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။ သို့မှသာ ဗလငါးတန်ပြည့်စုံပြီး စွမ်းဆောင်ရည်မြင့်မားသည့် မျိုးဆက်သစ်များဖြင့် အနာဂတ်နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မည် ဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ တောင်ပင်လယ်ပုလဲအလုံးပေါင်း ၁၇၅၀၀၀၊ အတွဲ ၇၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခင်းကျင်းပြသရောင်းချပေးမည်

နေပြည်တော် ဩဂုတ် ၁၂

(၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

### တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်တွင်းပြည်ပမှ ပုလဲလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၆ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို ကြည့်ရှုစဉ်။

## ရခိုင်ယူနိုက်တက်အသင်းကို ဂိုးပြတ်အနိုင်ရခဲ့သည့် ရန်ကုန်ယူနိုက်တက်



MNL (U-20) Youth League 2024 အမှတ်ပေးဘောလုံးပြိုင်ပွဲ (Week-11) ပွဲစဉ်တစ်ပွဲအဖြစ် ဩဂုတ် ၁၂ ရက် ညနေပိုင်းက စလင်းကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ကစားခဲ့ကြပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၄-၀ ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယနေ့ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲချိန် ၃ မိနစ်၌ပင် ဦးဆောင်ဂိုး စတင်ရခဲ့ခြင်းဖြစ်ပြီး ယင်းဂိုးကို ကောင်းခန့်ကျော်က သွင်းယူပေးခဲ့သည်။ ပွဲချိန် ၁၇ မိနစ်နှင့် ၂၂ မိနစ်တို့တွင် ရန်ကုန်ယူနိုက်တက်အသင်းမှ သွင်းဂိုး နှစ်ဂိုး ထပ်မံရခဲ့ပြီး တိုက်စစ်မှူး စိုင်းဇေယျာကျော်က တစ်ဦးတည်းက သွင်းယူ ပေးခဲ့သည်။ ပထမပိုင်းအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ပြီး ငါးမိနစ်အကြာတွင် ရန်ကုန်ယူနိုက်တက်အသင်းမှ စတုတ္ထဂိုး ထပ်မံရခဲ့ပြီး ပထမဂိုး သွင်းယူပေးခဲ့သည့် ကောင်းခန့်ကျော်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ လက်ကျန်မိနစ်များတွင် နှစ်သင်းစလုံး ဂိုးထပ်မံမရခဲ့သည့်အတွက် ရန်ကုန်ယူနိုက်တက်အသင်းက ၄-၀ ဂိုးဖြင့် အနိုင်ရသွားခဲ့သည်။

(NGB)